မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ရက်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၁ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၃၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လစ်ဗျားနိုင်ငံအကြီးအကဲထံ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁

၂၀၁၀ခုနှစ် စက်တင်ဘာ ၁ရက်တွင် ကျရောက်သော လစ်ဗျားနိုင်ငံ၏ တော်လှန်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ လစ်ဗျားနိုင်ငံအကြီးအကဲ ဗိုလ်မှူးကြီး မူအာမား အယ်လ် ကဒါဖီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ အစီအစဉ်ဖြင့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ တည်ဆောက်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြစ်ဝကျွန်းပေါ်ဒေသ၌ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသည့် အချိန်တွင် ပြည်တွင်းပြည်ပမှ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က ချက်ချင်း ဆိုသကဲ့သို့ ငွေအား၊ လူအား၊ ပစ္စည်းအားနှင့် ဘက်ပေါင်းစုံက ပါဝင်ကူညီပေးခဲ့ကြသည့်အတွက် ယခုကဲ့သို့ အချိန်တိုအတွင်း မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့။

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး မြန်မာဆိုသည့် အမျိုးသားရေးစိတ်ဓာတ်ကိုအရင်းခံ နိုဝင်ဘာ ၇ ရက်တွင်ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်ရေး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃၁

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ အစီအစဉ်ဖြင့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ တည်ဆောက်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံနှင့် *စာမျက်နှာ ၆ ကော်လံ ၁* ●

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပြင်စလူမြို့တွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံလှူဒါန်းခဲ့သည့် အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

1-9 (01).pmd 9/1/2010, 3:17 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် စက်တင်ဘာ ၁ ရက်)

လမ်း၊တံတားများဖွံ့ဖြိုးစေသည် တိုင်းရင်းသားများချစ်ကြိုးခိုင်ကျည်

တစ်ချိန်က တောတောင်ပင်လယ်မြစ်ချောင်းများစသည့် အတားအဆီးများရှိနေသဖြင့် အနေနီးသော်လည်း ခရီးဝေးခဲ့ရသည့်ဒေသများသည် ယခုအခါ လမ်း၊ တံတားများကွန်ရက်သဖွယ်လက်ယှက်ထိုး ဆက်သွယ်ဖောက်လုပ်ထားသဖြင့် ဒေသတစ်ခုမှ တစ်ခုသို့ အလွယ်တကူ ကူးလူးဆက်နွှယ် ချစ်ကြိုးသွယ်နိုင်ခဲ့ကြပြီဖြစ်သည်။

၁၉၈၈ ခုနှစ်မတိုင်မီက လမ်းပန်းဆက်သွယ်ရေးမပြည့်စုံမှုကြောင့် တောတောင်ထူထပ်ပြီး ဝေးလံခေါင်းပါးသော နယ်စပ်ဒေသများမဆိုထားနှင့် ဧရာဝတီမြစ် အရှေ့ခြမ်းနှင့် အနောက်ခြမ်းသည်ပင် အချို့နေရာအတော်များများ၌ ကားလမ်းခရီးဖြင့် ဆက်သွယ်၍ မရခဲ့ချေ။ ရေကြောင်းခရီးကိုသာ အဓိက အားပြု၍ ကူးသန်းသွားလာကြရသည်။

မျက်မှောက်ကာလ၌ လမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်လာခဲ့သဖြင့် ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားလမ်းမကြီးများပေါ်မှ ခရီးသွားနိုင်ခဲ့ကြပြီ။ မန္တလေး-မြစ်ကြီးနား၊ မန္တလေး-ဗန်းမော်၊ မြစ်ကြီးနား- ပူတာအို၊ ဘားအံ-ဇာသပြင်-မော်လမြိုင်၊ တောင်ကြီး-ရှင်-ဟံမြင့်မိုရ်၊ စစ်တွေ-အမ်း-မင်းဘူး၊ ကော့သောင်း-ဘုတ်ပြင်း-ထားဝယ်-မော်လမြိုင်၊ တောင်ကုတ်-မအီ-ကျောက်ဖြူ၊ မုံရွာ-ခန္တီးစသည့် ပြည်ထောင်စုလမ်းမကြီးများ ပေါ်ထွန်းလာခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၆)က တည်ဆောက်ခဲ့သည့် ရခိုင်ပြည်နယ် အမ်းမြို့နယ် မင်းဘူး-အမ်း-စစ်တွေလမ်းပေါ်ရှိ သယု(ပဲပဒုံ)ကြိုးတံတားဖွင့်ပွဲအခမ်းအနားကို မကြာသေးသောကာလ ဩဂုတ် ၂၉ ရက်နေ့က အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ပထဝီအနေအထားအရ ရေမြေခြားနားမှုကို တစ်ဆက်တစ်စပ်တည်းဖြစ်ရန် ပြည်ထောင်စုအတွင်း လမ်း၊ တံတားများကို မဟာဗျူဟာကျကျ အကွက်ချဖောက်လုပ်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့ကို ဆက်စပ်ပေးမည့် ရထားလမ်းများကိုလည်း ဖောက်လုပ်ပေးလျက်ရှိသည်။ မင်းဘူး-အမ်း-စစ်တွေရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် ကြံခင်း-ပခုက္ကူရထားလမ်းပိုင်းရှိ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ဆက်သွယ်သည့် ရထားလမ်းဖြစ်ပြီး ယင်းလမ်းကြီးပြီးစီးပါက ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားညီအစ်ကိုများ မြန်မာနိုင်ငံဒေသအသီးသီးသို့ လွယ်ကူစွာသွားလာနိုင်ကြမည်ဖြစ်သည်။

ယခုအခါ လမ်းမကြီးများ၊ မြစ်ကူးတံတားများကို ဆက်စပ်ဖောက်လုပ်ပေးခဲ့ပြီး ဆက်လက်၍လည်း လမ်းများ၊ တံတားကြီး၊ တံတားငယ်ပေါင်း မြောက်မြားစွာကို တည်ဆောက်ပေးလျက်ရှိသဖြင့် နိုင်ငံအဝန်းမှ ကုန်ပစ္စည်းများ မြန်မာနိုင်ငံအတွင်း နှစ်သက်ရာဒေသသို့ တင်ပို့ရောင်းချနိုင်ကာ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ချစ်ခင်ရင်းနှီးမှုသည်လည်း ပိုမိုခိုင်ကျည် မြဲမြံလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဦးဌေးဦးအား ပြည်ပမှဧည့်သည်များ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦးအား ဆွီဒင်နိုင်ငံ စတော့ခ်ဟုမ်းမြို့၌ အခြေစိုက်သော Institute for Security and Development Policy (ISDP) မှ ဦးစီးခေါင်းဆောင် Dr. Niklas Swan Strom သည် ဩဂုတ် ၂၈ရက် နံနက် ၉နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။

လာရောက်တွေ့ဆုံ

အလားတူ မွန်းလွဲပိုင်းတွင် ဝန်ကြီးဦးဌေးဦးအား တောင်အာဖရိကနိုင်ငံ အခြေစိုက် Action AID အဖွဲ့မှ Country Manager, Mr. Shihob Uddin Ahamad သည် နေပြည်တော်ရှိ ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ထေရုပ္ပတ္တိ သစ္စာသိပြီးမှလျှပါ (အပိုင်း -၁)
၇:၁၅ ၄။ ဓမ္မပူဇာတေး
၇:၂၀ ၅။ မျိုးချစ်တပ်မတော်
၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၃၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄:၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၅ ၁၄။ Mail Box
၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း -၄၃)
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၂)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရယ်စရာရွှင်စရာ ဟာသပဒေသာ
၂၂။ Internet Website ကဏ္ဍ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဥ္စလက်ပုံရိပ်** (အပိုင်း-၁၀)
၂၅။ ဒီဗိုင်နာတို့ရဲ့ဒီဗိုင်း

ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံသစ် တိုက်ကြီးမြို့နယ် ရွာသာကျေးရွာ၌ဖွင့်

တိုက်ကြီး ဩဂုတ် ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဖိုးခေါင်ကျေးရွာအုပ်စု ရွာသာကျေးရွာတွင် ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက ရောင်ခြည်ဦး ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပရာ အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်သီတာစမ်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသန်းနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး အတွင်းရေးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ရောင်ခြည်ဦး စာကြည့်တိုက်အတွက် သုတ ရသ စာအုပ် စာစောင်များကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ဩဂုတ် ၃၀ရက်က နှစ်ဖက်သော အဘိုး၊ အဘွား၊ မိဘများအား အမှူးထား၍ နီလာလမ်းသွယ်(၇) ရတနာ အိမ်ရာ သာကေတမြို့နယ် ရန်ကုန်မြို့နေ ကိုဖြိုး ဇင်ဝင်း - မမီလျှံအေးတို့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆေးတက္ကသိုလ် (၁) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၃၁

ဆေးတက္ကသိုလ် (၁) ၁၉၆၉-၁၉၇၆ ပညာသင်နှစ် ကျောင်းသားကျောင်းသူဟောင်းများက (၃၅)နှစ်မြောက် ကျောက်စိမ်းရတုသဘင် အထိမ်းအမှတ်အဖြစ် ယင်းပညာသင်နှစ်အတွင်း ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမကြီးများအားတတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကရဝိက်နန်းတော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ ပါဝင်တက်ရောက်ရန်နှင့် အလှူငွေများကို ဒေါက်တာရဲထွဋ် ဖုန်း-၀၁-၆၅၅၉၃၂၊ ၀၁-၃၈၀၁၂၉၊ ဒေါက်တာဇော်ဝင်း ဖုန်း-၀၁-၆၈၂၄၇၃၊ ၀၉-၅၀-၀၀၃၀၈၊ ဒေါက်တာရဲတင့်လွင် ဖုန်း-၀၁-၃၈၀၁၂၈၊ ၀၉-၅၁-၃၆၇၀၂၊ ဒေါက်တာမောင်မောင်ခင် ဖုန်း-၀၉-၂၀-၀၁၅၉၂၊ ဒေါက်တာခင်သန်းအေး ဖုန်း-၀၁-၅၁၀၂၈၃၊ ၀၉-၈၀-၃၁၉၂၂၊ ဒေါက်တာခင်လှ ဖုန်း-၀၉-၂၀-၀၀၂၁၂၊ ဒေါက်တာမင်းစိန် ဖုန်း-၀၉-၅၁-၆၇၆၉၇၊ ဒေါက်တာနှင်းနှင်းဝေ ဖုန်း-၀၁-၂၂၆၂၇၇၊ ၀၉-၅၁-၅၃၃၁၅၊ ဒေါက်တာသီတာသိန်းရွှေ ဖုန်း-၀၁-၃၈၆၈၄၁၁၊ ၀၉-၅၁-၀၄၁၅၈၊ ဒေါက်တာခိုင်ခိုင်ဇင် ဖုန်း-၀၁-၆၆၃၅၈၇ နှင့် ၀၉-၅၁-၅၉၆၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက် အောင်မင်္ဂလာ ၁ လမ်း အမှတ် ၃၂၁ နေ ဒေါ်သိန်းငွေနှင့် မိသားစုတို့က ဦးမြင့်ဆွေနှင့် သမီးမဇင်မာဆွေ တစ်နှစ်ပြည့်အတွက် ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းအတွင်း လူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

1-9 (02).pmd 1 9/1/2010, 3:17 AM

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး
လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

(၁၅)ကြိမ်မြောက် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ မြန်မာနိုင်ငံလူ့အခွင့်အရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး ဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဦးမောင်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေးအတွက် အစည်းအဝေးပေါင်း (၁၄)ကြိမ် ကျင်းပ၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဖြစ်ကြောင်း၊ ယနေ့ (၁၅)ကြိမ်မြောက် အစည်းအဝေးတွင် အစီရင်ခံစာပြုစုရေး လုပ်ငန်းကော်မတီက ပြုစုတင်ပြသည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာမူကြမ်းကို ဦးစီးကော်မတီဝင်များက သုံးသပ်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ အစီရင်ခံစာကို ဦးစီးကော်မတီက ဆွေးနွေးညှိနှိုင်းအတည်ပြုပြီးသည့်နောက် သတ်မှတ်ထားသည့် ၂၀၁၀ ခုနှစ် အောက်တိုဘာလအရောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံလူ့အခွင့်အရေး ဆိုင်ရာ အစီရင်ခံစာပြုစုရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ်ဒေါက်တာ ထွန်းရှင်က မြန်မာနိုင်ငံ လူ့အခွင့်အရေး ဆိုင်ရာ အစီရင်ခံစာပြုစုရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆွေးနွေး

ဆက်လက်၍ မြန်မာနိုင်ငံလူ့အခွင့် အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေးလုပ်ငန်း ကော်မတီက တင်ပြသည့် အစီရင်ခံစာ မူကြမ်းကို အစီရင်ခံစာပြုစုရေး ဦးစီး ကော်မတီဝင်များနှင့် အစည်းအဝေး တက်ရောက်လာကြသူများက ဝိုင်းဝန်း ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ လူ့အခွင့် အရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဦးမောင်ဦးက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်း လိုက်သည်။ **(သတင်းစဉ်)**



နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း လစ်ဗျားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁

၂၀၁၀ခုနှစ် စက်တင်ဘာ ၁ရက်တွင် ကျရောက်သော လစ်ဗျားနိုင်ငံ၏ တော်လှန်ရေးနေ့၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ လစ်ဗျားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မူဆာ အမ် အဗ္ဗဒူဆာလမ် ကူဆာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၂-၉-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ [မင်္ဂလသုတ်နဲ့ ဂုဏ်တော်ကွန်ချာ] ဥပုသ်နေ့နှိုးဆော်ချက်
၇း၂၀ ဓမ္မပူဇာတေးပဒေသာ
၇း၂၅ (၃၈)ဖြာမင်္ဂလာ
၈း၀၀ နံနက်ခင်းတေးပဒေသာ
၈း၁၀ စံတော်ချိန် + သတင်း
၈း၂၀ နံနက်ခင်းတေးပဒေသာ
၈း၂၅ လောကနီတိအသိရှိစေဖို့ (နှလုံးလှ အဆုံးအမတော်များ-၅)
၈း၅၀ နဝင်္ဂတရား (ဘဒ္ဒန္တပဏ္ဍာဝံသ)
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ကြိုးကြာ)
၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ **သိပ္ပံသတင်းအတိုအထွာ**
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ဒေါင်းရွှေလုပ်ငန်း)
၁၂း၃၀ Music Talk တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ အမှတ်တရတေးလက်ဆောင်
၁၇း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (ဘဝမကူးမီ ကြိုတင်ကောင်းမှု နေ့တိုင်းပြု) တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ရေဒီယိုဇာတ်လမ်းတွဲ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း **(ကိုထိန်ရဲ့ကွေးပုံ)**
၁၈း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ သုတစုံကြွယ်သိစေဖွယ် (တန်ခိုးရှင်တောင် ဝဠ်ကိုမရှောင်နိုင်)
၁၉း၄၀ ရေဒီယိုအတိုတ်တေးအရိပ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (အချစ်ရှိသောသူများ နားဆင်ဖို့)
၂၀း၅၀ တေးသံစုံ -ဂီတနက်သန်အဖွဲ့ စီးပွားရေးဦးတည်ချက်
၂၁း၀၀ ဆောင်းပါး (ကြောက်စိတ်ကို ဘယ်လိုကိုင်တွယ်ရမလဲ)
၂၁း၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၁း၅၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာတရားတော်

ကြိုဆိုနှုတ်ဆက်

ဩဂုတ် ၃၁ရက်က မလေးရှားနိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဦးမောင်မောင်ဆွေ နှင့်ဇနီးအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E.Dato Mazlan Bin Muhammad နှင့်ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

ဈေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း သီပေါမြို့နယ်၌ဖွင့်

သီပေါ ဩဂုတ် ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဈေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲကကြီးမှူး၍ ဈေးကောက်ပွဲဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊အဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၃၀ရက် နံနက် ၈နာရီက မြို့ကျက်သရေဆောင်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ကျောက်မဲခရိုင် ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌဦးထွန်းဝင်းက အမှာစကားပြောကြား၍ သီပေါမြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ဆွေးနွေးပို့ချ

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင် ၅၄၂ဦး တက်ရောက် ကြပြီး သင်တန်းတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များဖြစ်ကြသော မြို့နယ်ပညာရေးမှူး ဦးသန်းဆွေက ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ တာဝန်များကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်လှလှဝင်းက ဥပဒေ၊ နည်းဥပဒေဆိုင်ရာများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ် ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းမြင့်အောင်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း ဆွေးနွေး ပို့ချကြကြောင်း သိရသည်။ (၀၂၀)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ(၂)
ကျွမ်းကျင်မှု အခြေခံသင်တန်းဆင်းပွဲ

ရန်ကုန် ဩဂုတ် ၃၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်သည် ဩဂုတ် ၃၀ရက် ညနေ ၆နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ဗဟိုသင်တန်းကျောင်း (လှိုင်သာယာ) သင်တန်းခန်းမ၌ ကျင်းပသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ(၂) ကျွမ်းကျင်မှု အခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ပေးအပ်

ရှေးဦးစွာ ဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးက သင်တန်းသား ခေါင်းဆောင်ထံ သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးက သင်တန်းထူးချွန် ပထမဆုရ သာစည်ဓာတ်အားခွဲရုံမှ ဒေါ်ဆွေဆွေသိန်း၊ ဒုတိယဆုရ မကွေးဓာတ်အားခွဲရုံမှ ဦးညီညီနှင့် တတိယဆုရ သာယာကုန်းဓာတ်အားခွဲရုံမှ ဒေါ်အင်ကြင်းရွှေရည်ကျော်တို့အား ဆုများကိုပေးအပ် ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်သည်။ အဆိုပါသင်တန်းကို ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီအား ဗီယက်နမ်နိုင်ငံ ပြည်သူ့ရေးရာ လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့ရေးရာ လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E .Lt. Gen . Buivan Nam ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၃၀ရက် မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်ရုံး ရဲချုပ်၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံ ရဲတပ်ဖွဲ့တို့အကြား နိုင်ငံဖြတ်ကျော် မှုခင်းများတိုက်ဖျက်ရေး၊ လေ့ကျင့်ရေးနှင့် နည်းပညာဆိုင်ရာ ကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းနှင့် ရဲလုပ်ငန်းအတွေ့အကြုံများ ဖလှယ်ရေး စသည်တို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ရပ်စောက်၌ ဆောင်ရွက်

ရပ်စောက် ဩဂုတ် ၃၁

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရပ်စောက်မြို့ ရပ်ကွက်အတွင်း ရေမြောင်း၊ စာသင်ကျောင်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ ဈေးကြီးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၆ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသောင်းညွန့် ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

ပိတ်မိချီလီမိုင်းလုပ်သားများ ကယ်တင်ရေး ရောမလွန်အသုံးပြု၍ စတင်တူးဖော်

ဆန်ဂျို့စ်(ချီလီ) ဩဂုတ် ၃၁

ချီလီနိုင်ငံမြောက်ပိုင်း အတာကမာသဲကန္တာရရှိ ဆန်ဂျို့စ် သတ္တုမိုင်းတွင်း၌ ပိတ်မိနေသော မိုင်းတွင်းလုပ်သား ၃၃ဦး၏ အသက်ကို ကယ်တင်ရန် ချီလီအင်ဂျင်နီယာများက ဩဂုတ် ၃၁ရက်မှ စပြီး ရောမလွန်ကြီးကို အသုံးပြုလျက် စတင်တူးဖော် လျက်ရှိသည်။

ချီလီအင်ဂျင်နီယာများက သတ္တုမိုင်းလုပ်သားများ၏ အသက် ဘေးမှ လွတ်မြောက်ရန် ပထမအဆင့်အနေဖြင့် အသက်ရှင် လွတ်မြောက်ရေးလမ်းကြောင်းကို တူးဖောက်ကြမည် ဖြစ်သည်။

အသက်ရှင်

*အဆိုပါ မိုင်းလုပ်သားများသည် ဩဂုတ် ၅ရက်က ဆန်ဂျို့စ် ကြေးနီနှင့် ရွှေထွက်သည့် သတ္တုမိုင်းတွင်း မြေပြိုကျပြီး ပိတ်မိ ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်က တရုတ်တောင်ပိုင်း၌ ရေကြီး ပြီးနောက် သတ္တုမိုင်းတွင်း လုပ်သားသုံးဦး ၂၅ရက်ကြာ မိုင်းတွင်း၌ ပိတ်မိခဲ့စဉ်က လက်ရှိချီလီအင်ဂျင်နီယာများ အသုံးပြု သည့် နည်းအတိုင်း **(အပေါ်ယာပုံ)**လွန်ဖြင့် တူးဖော်ကယ်တင် ခဲ့သဖြင့် အသက်ရှင်ခဲ့ သည်ဟု ဆိုသည်။*

အသုံးပြု

*ချီလီမိုင်းလုပ်သားများသည် ၄င်းမိုင်းတွင်း၌ မြေအောက် မိုင်ဝက်ခန့်အကွာတွင် ပိတ်မိနေခြင်းဖြစ်သည်။ အစိုးရက ၄င်းမိုင်းလုပ်သားများအား ကယ်တင်ရန် သုံးလမှ လေးလအထိ ကြာနိုင်သည်ဟု ဆိုသည်။ သို့သော် ချီလီအင်ဂျင်နီယာများက နိုင်ငံတကာမှ အကောင်းဆုံး စက်ကိရိယာများ အသုံးပြုတူးဖော် လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)***



အီသီယိုးပီးယားနိုင်ငံနှင့် သဘာဝရေဘေး

❖ သတင်းမှတ်စု - မြင့်မောင်စိုး ❖

အဒစ္စအာဘာဘာ ဩဂုတ် ၃၁

အီသီယိုးပီးယားနိုင်ငံမှာ လာမယ့်လအတွင်း မိုးဆက်လက်ပြီး သည်းထန်စွာ ရွာသွန်းနေဦးမယ်ဆိုရင် နိုင်ငံသားများစွာဟာ ရေဘေးဒုက္ခကြီးနဲ့ ကြုံတွေ့ရနိုင်တယ်လို့ ကုလသမဂ္ဂက ဩဂုတ် ၃၀ရက်မှာ ပြောကြားခဲ့ပါတယ်။

လွန်ခဲ့တဲ့ သီတင်းပတ်က မိုးသည်းထန်စွာရွာလို့ ရေကြီး၊ မြေပြိုမှုတွေဖြစ်ပွား ခဲ့ပြီး လူ ၁၉ဦး သေဆုံးခဲ့ပြီးတဲ့နောက် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထား ရေးဆိုင်ရာရုံးက ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဒီရေကြီးမှုကြောင့် လူပေါင်း ၁၂၀၀၀ လောက်ဟာလည်း ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ကြရပါတယ်။

ကြုံတွေ့ရဖို့ရှိ

အီသီယိုးပီးယားနိုင်ငံ အမ်ဟာရာဆိုတဲ့ ဒေသမှာ ရေကြီးမှု ဖြစ်လာရင်တော့ လူပေါင်း ၂၇၀၀၀၀လောက် ရေကြီးမှု ဒုက္ခကို ကြုံတွေ့ရဖို့ ရှိပါတယ်လို့ ကုလသမဂ္ဂရဲ့ ထုတ်ပြန်ကြေညာချက်မှာ ဖော်ပြထားပါတယ်။

အီသီယိုးပီးယားနိုင်ငံဟာ ဇွန်လနဲ့ စက်တင်ဘာလအတွင်းမှာ မိုးသည်းထန်စွာ ရွာပြီး ရေကြီးတတ်ပါတယ်။ ဒီလိုရေကြီး တဲ့အခါ အီသီယိုးပီးယားနိုင်ငံက မြေနိမ့်ပိုင်းတွေမှာ ရေကြီးမှု ကြုံတွေ့ရတာ မကြာခဏဆိုသလိုပါပဲ။ ၂၀၀၆ခုနှစ်ကဆိုရင် ဒီလိုမထင်မှတ်ဘဲ ရေကြီးခဲ့လို့ လူပေါင်း ၁၀၀၀ကျော်သေဆုံးပြီး လူပေါင်း ၃၀၀၀၀၀ကျော် အိုးအိမ်မဲ့ ခဲ့ရပါတယ်။

လိုအပ်

မကြာသေးတဲ့ ရက်များအတွင်းကပဲ အမ်ဟာရာဒေသအရှေ့ပိုင်းနဲ့ ဆိုမာလီ မြောက်ပိုင်းဒေသတွေမှာ ရေကြီးမှုတွေ့ကြုံ ခဲ့ရပါတယ်။ **(အောက်ပုံ)** ဒီလိုရေကြီးမှု ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့နဲ့ အရေးပေါ် အခြေအနေတွေမှာ တုံ့ပြန်ဆောင်ရွက်သွားဖို့ အမေရိကန်ဒေါ်လာ ၆ဒသမ ၈သန်းလောက် လိုအပ်နေတယ်လို့ ဆိုပါတယ်။ လာမယ့်လမှာ ရေကြီးမှု ဖြစ်လာမယ်ဆိုရင် အဲဒီဒေသက လူပေါင်း ၁၅၃၀၀၀လောက်ဟာ ရေကြီးမှု သဘာဝ ဘေးအန္တရာယ်နဲ့ ရင်ဆိုင်ကြုံတွေ့ဖို့ ရှိပါတယ်။

မိုးသည်းထန်စွာ ရွာသွန်းမှုတွေ စက်တင်ဘာလအတွင်းမှာ ဆက်လက်ရှိနေဦးမှာဖြစ်ပါတယ်။ ဒီအတွက် အကောင်းဆုံးပြင်ဆင်ထားဖို့ လိုအပ်တယ်လို့ ကုလသမဂ္ဂ တာဝန်ရှိသူများက ခန့်မှန်းပြောကြားခဲ့ပါတယ်။ **(မြန်မာ့အလင်း)**

ကမ္ဘာလှည့်ခရီးသည်များအတွက် အပန်းဖြေကျွန်း ဟိုင်နန်ပြည်နယ်၌ ထူထောင်ဖွင့်လှစ်မည်

ဟိုင်ကူ ဩဂုတ် ၃၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ်၌ နိုင်ငံတကာကမ္ဘာလှည့်ခရီးသည်များအတွက် အပန်းဖြေကျွန်းဖန်တီးရန် ရှေ့ပြေးစုန်နယ်မြေတစ်ခုကို ထူထောင်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။

လိုအပ်

ယင်းဇုန်ကို ကွန်ပိုင်းမြို့တော် လောင်ဝမ်ဖွံ့ဖြိုးရေးဒေသအတွင်း ထူထောင်မည်ဖြစ်ပြီး တည်ဆောက်ရေး အဆင့်နှစ်ဆင့်အပြီးတွင် အကျယ်အဝန်း ၃၈စတုရန်းကီလိုမီတာ ရှိမည်ဖြစ်သည်။ ပထမအဆင့်တွင် ယွမ်ငွေ ဘီလီယံ ၁၀၀(အမေရိကန်ဒေါ်လာ ၁၄ဒသမ၇ ဘီလီယံ) ရင်းနှီးမြှုပ်နှံရန် လိုအပ်သည်။

ရှေ့ပြေးဇုန်နယ်မြေကို စမ်းသပ်နယ်မြေအဖြစ် အသုံးပြုမည်ဖြစ်သည်။ ဟိုင်နန်နိုင်ငံတကာကမ္ဘာလှည့် ခရီးသည်များ ကျွန်းဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးကော်ပိုရေးရှင်းဟူသော ကုမ္ပဏီသစ်ကို ထူထောင်ပြီး ထိုကုမ္ပဏီက ရှေ့ပြေးဇုန်နယ်မြေ ဖွံ့ဖြိုးတိုးတက်အောင် တာဝန်ယူမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယ၌ မြေပြိုမှုဖြစ်ပွား ၃၅ဦး ဒဏ်ရာရ

နယူးဒေလီ ဩဂုတ် ၃၁

အိန္ဒိယနိုင်ငံမြို့တော် မွမ်ဘိုင်း၌ ဩဂုတ် ၃၀ရက် စောစော ပိုင်းက မြေပြိုမှုဖြစ်ပွားရာ အနည်းဆုံး ၃၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

ယင်းမြေပြိုမှုဖြစ်ပွားခြင်းကြောင့် အရှိန်မြင့် မောင်းနှင် လာသည့် ခရီးသည်တင်ယာဉ်တစ်စီးသည် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ရာမှ ခရီးသည်များ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ ရုံးအဖွဲ့က ပြောကြားသည်။

ပို့ဆောင်

*ဒဏ်ရာရရှိသူများအားလုံးကို ရာဂျစ္စတန်ပြည်နယ် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ***

အိန္ဒိယ နိုင်ငံ မွမ်ဘိုင်းမြို့ရှိ မော်တော်ကား စက်ရုံ၌ ပြသ ထားသော ခါတ်ဆီ တစ်ဂါလန် လျှင် မိုင် ၅၀ မောင်းနိုင်သည့် တာတာ နာနို မော်တော်ကားကို ဩဂုတ် ၃၁ ရက်က တွေ့ရစဉ်။ (အင်တာနက် ဓာတ်ပုံ)

အီရီထရီးယားပင်လယ်ဓားပြများ ယီမင်စက်လှေခြောက်စင်းကို ပြန်ပေးဆွဲ

ဆန်နား ဩဂုတ် ၃၁

အီရီထရီးယားပင်လယ်ဓားပြများက ပင်လယ်နီအတွင်း ဩဂုတ် ၂၈ရက်က ယီမင် ငါးဖမ်းစက်လှေခြောက်စင်းကို လူ ၆၀နှင့်အတူ ဖမ်းဆီးပြန်ပေးဆွဲလိုက်ကြောင်း ယီမင် ပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ် ၃၀ရက်တွင် သတင်းထုတ်ပြန်သည်။

ပြန်လွှတ်

အဆိုပါ ငါးဖမ်းစက်လှေများနှင့် ရေလုပ်သားများကို အီရီထရီးယား မာစဝါ ဆိပ်ကမ်းသို့ ခေါ်ဆောင်သွားခဲ့သည်။ ဓားပြများက ဩဂုတ် ၂၉ရက်တွင် ရေလုပ်သား ၆၀အား ပြန်လွှတ်ပေးခဲ့သည်။

ပြန်ရောက်လာ

ပြန်ပေးဆွဲခံရသော စက်လှေခြောက်စင်းအနက် တစ်စင်းကို ပြန်လွှတ်ပေးခဲ့ကြောင်း၊ ရေလုပ်သား ၆၀မှာ ယီမင်ပင်လယ်နီဆိပ်ကမ်းသို့ ဩဂုတ် ၂၉ရက်က ပြန်ရောက် လာကြောင်း သိရသည်။ *အမ်အင်န်အေ၊ဆင်ဟွာ*

မနီလာတွင်ပြန်ပေးဆွဲခံရသည့် ဘတ်စ်ကား ဟောင်ကောင်မှုခင်းအဖွဲ့ လာရောက်စစ်ဆေး

မနီလာ ဩဂုတ် ၃၁

လွန်ခဲ့သော သီတင်းပတ်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ပြန်ပေးဆွဲခံရသော ကမ္ဘာလှည့်ခရီးသည်တင် ဘတ်စ်ကားကို ဟောင်ကောင်မှုခင်း ကျွမ်းကျင်သူများက လာရောက် စစ်ဆေးခဲ့ကြောင်း ဩဂုတ် ၃၀ရက်က သတင်း၌ ဖော်ပြသည်။

ခွင့်ပြု

အဆိုပါ ပြန်ပေးဆွဲမှုတွင် ဟောင်ကောင်မှ ကမ္ဘာလှည့်ခရီးသွား ရှစ်ဦးသေဆုံးခဲ့ရသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး ဟောင်ကောင်ပြည်သူများက မကျေမနပ်ဖြစ်နေသဖြင့် ဖိလစ်ပိုင် တာဝန်ရှိသူများ အနေဖြင့် ဟောင်ကောင်မှုခင်း ကျွမ်းကျင်သူများအား ဩဂုတ် ၃၀ရက်က စစ်ဆေးခွင့် ပြုခဲ့သည်။

စစ်ဆေး

ဖိလစ်ပိုင် စုံစမ်းစစ်ဆေးရေးမှူးများ၏ အကူအညီဖြင့် အဆိုပါ ဘတ်စ်ကားကို အသေးစိတ်စစ်ဆေးခဲ့ကြောင်း၊ ကျည်ဆန်ထိမှန်ထားသောနေရာများ၊ သွေးစွန်းနေသည့်နေရာများကို ဟောင်ကောင်မှုခင်း ကျွမ်းကျင်သူများက အသေးစိတ် စစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(အင်တာနက်)**

နိုင်ငံတကာ လေဆိပ်သစ် ဘင်္ဂလားဒေ့ရှ်၌ တည်ဆောက်မည်

ဒါကာ ဩဂုတ် ၃၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဘီလီယံ ၅၀၀ (အမေရိကန်ဒေါ်လာ ၇ဒသမ၁၄ ဘီလီယံ) အကုန်အကျခံကာ နိုင်ငံတကာလေဆိပ်သစ်တစ်ခုကို တည်ဆောက်တော့မည်ဖြစ်ကြောင်း၊ ယင်းကိစ္စကို အစိုးရ အဖွဲ့က ဩဂုတ် ၂၉ရက်တွင် မူအားဖြင့် လက်ခံအတည်ပြု ထားကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။

ခေါ်ဝေါ်

အဆိုပါ နိုင်ငံတကာလေဆိပ်ကို မြေဧက ၆၀၀၀ ကျယ်ဝန်းသည့် မြေပေါ်၌ တည်ဆောက်မည်ဖြစ်သည့်အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို စတင်ထူထောင်သူ ရှိတ်မူဂျီ ဘာရာမန်အား ဂုဏ်ပြုသည့် အနေဖြင့် လေဆိပ်အမည်ကို ရှိတ်မူဂျီဘာရာမန် နိုင်ငံတကာလေဆိပ်ဟူ၍ ခေါ်ဝေါ်မည်ဖြစ်ကြောင်း သိရသည်။

ဖော်ပြ

လေဆိပ်တည်ဆောက်မည့် ကုမ္ပဏီမှာ ပီပီပီကုမ္ပဏီ ဖြစ်သည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံ

တရုတ်နိုင်ငံပေကျင်းမြို့၌ တရုတ်ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံကို ဩဂုတ် ၃၁ရက်က တွေ့ရစဉ်။ **(၄င်း တရုတ်ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံသည် ပေကျင်းမြို့တွင် အမြင့်ဆုံးအဆောက်အအုံဖြစ်ပြီး မီတာအမြင့် ၃၃၀ ရှိသည်။ ၄င်းအဆောက်အအုံသည် ပေကျင်းမြို့၏ စီးပွားရေးဖွံ့ဖြိုးမှုဒေသ အလယ်တွင်တည်ရှိ၍ ဩဂုတ် ၃၀ရက်မှစပြီး အသုံးပြုလျက်ရှိကြောင်း သိရသည်။)** (အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရနိုင်ငံတကာသတင်းများ

➢ အာကာကျော်-စုစည်းသည် ➢

ဟာရီကိန်းအားလ် ဆက်လက်အားကောင်း

ကာရေဘီယံ ဩဂုတ် ၃၁

ဟာရီကိန်းမုန်တိုင်းအားလ်သည် ဩဂုတ် ၃၁ရက်က ဆက်လက် အားကောင်းလာပြီး ကာရေဘီယံအရှေ့ပိုင်းသို့ ရွေ့လျားလျက်ရှိကြောင်း၊ ဒေသရှိ ကျွန်းများကို သတိပေးမှုများပြုလုပ်ထားကြောင်း အမေရိကန်ဟာရီကိန်းဌာနက ကြေညာသည်။

အဆိုပါ ဟာရီကိန်းမုန်တိုင်း အားလ်သည် အမေရိကန်နိုင်ငံအတွင်းသို့ မဝင်ရောက်မီ ဆက်လက် အားကောင်းနေမည်ဟု မျှော်လင့်ရသည်။ ၎င်းဟာရီကိန်းသည် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့လျှင် ပျက်စီးမှုများနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

၎င်းမုန်တိုင်းကြောင့် ကာရေဘီယံဒေသအချို့ရှိ ကျွန်းများတွင် လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ **(အောက်ပုံ)**

မုန်တိုင်းသည် ပွာတိုရီကိုနိုင်ငံ အရှေ့မြောက်ဘက်၌ တည်ရှိနေပြီး အနောက်မြောက်ဘက်သို့ တစ်နာရီလျှင် ၂၄ကီလိုမီတာနှုန်းဖြင့် ရွေ့လျားလျက်ရှိသည်။ **(အင်တာနက်)**

ပါကစ္စတန်ရေကြီးရာဒေသများ၌ ကလေးများကျန်းမာရေးဆိုးရွားလာ

အစ္စလမ္မာဘတ် ဩဂုတ် ၃၁

ပါကစ္စတန်နိုင်ငံရှိရေကြီးမှု ဖြစ်ပွားရာဒေသများရှိ ကလေးများမှာ ရေကြောင့် ဖြစ်သောကူးစက်ရောဂါများ ဖြစ်ပွားနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဩဂုတ် ၃၁ရက်တွင် ပြောကြားသည်။ အထူးသဖြင့် ကလေးများသည် ဝမ်းပျက်ဝမ်းလျှောနှင့် ၎င်းဖျားရောဂါများ ဖြစ်ပွားမှုမြင့်တက်လာကြောင်း ကမ္ဘာ့ ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။ ရေကြီးရာဒေသမှ ရေများ အာရေဗျပင်လယ်အတွင်းသို့ စတင် စီးဆင်းနေပြီဖြစ်သော်လည်း အချို့နေရာများတွင် ရေများ တင်ကျန်လျက်ခြင်ပေါက်ပွားမှု များပြားလာသည်ဟု ဆိုသည်။ ကလေးငယ်များမှာ အစားအစာ လုံလောက်စွာမရရှိခြင်းနှင့် သန့်ရှင်းသည့်သောက်သုံးရေ မရရှိခြင်းတို့ကြောင့် ကျန်းမာရေးအခြေအနေ ဆိုးရွားလာနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

ဆူဒန်တောင်ပိုင်းရေကြီး၍ ဒေသခံများဘေးလွတ်ရာပြေး

ဂျူဘာ(ဆူဒန်) ဩဂုတ် ၃၁

ဆူဒန်တောင်ပိုင်းတွင် ရေကြီးမှုဖြစ်ပေါ်ခဲ့သဖြင့် လူ ၅၀၀၀၀ကျော်တို့ နေအိမ်များကို စွန့်ခွာထွက်ပြေးကြရကြောင်း ဆူဒန်ကျန်းမာရေး တာဝန်ရှိသူများက ဩဂုတ် ၃၁ရက်တွင် ပြောကြားသည်။

ဘေးလွတ်ရာထွက်ပြေး

ယခုလ အစောပိုင်းက ဘာအီးဂါဇယ်ပြည်နယ်မြောက်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ၎င်းပြည်နယ်ရှိ အာဝီမြို့မှာ ရေအောက် ရောက်ခဲ့ပြီး ထောင်ပေါင်းများစွာသော ပြည်သူတို့ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ရသည့်အပြင် သောက်သုံးရေနှင့် အစားအစာ အခက်အခဲဖြစ်ကြရကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။ **(ယာပုံ)** **(အင်တာနက်)**

မူးယစ်ရာဇာအက်ဂါဟားဒက်ဇ်အား မက္ကဆီကိုရဲတပ်ဖွဲ့ ဖမ်းဆီး

မက္ကဆီကိုစီးတီး ဩဂုတ် ၃၁

ဘာဘီးဟု လူသိများသည့် အမေရိကန်နိုင်ငံသား မူးယစ်ရာဇာ အက်ဂါဟားဒက်ဇ်အား မက္ကဆီကိုရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ဩဂုတ် ၃၀ရက်က သတင်းဖော်ပြသည်။ အဆိုပါ မူးယစ်ရာဇာအား နိုင်ငံအလယ်ပိုင်း၌ ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း၊ ၎င်းသည် ဘယ်ထရန်လေဗာ မူးယစ်ဆေးဝါးအဖွဲ့နှင့် အဆက်အသွယ်ရှိသူဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အသက် ၃၇နှစ်ရှိ မစ္စတာဟားဒက်ဇ်သည် မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းကိုသာမက အကြမ်းဖက်မှုများလည်း ပါဝင်လုပ်ဆောင်နေသူ ဖြစ်ကြောင်း၊ အမေရိကန်က ၎င်းအား ဖမ်းဆီးပေးနိုင်လျှင် ဆုကြေးငွေအမေရိကန်ဒေါ်လာ နှစ်သန်းပေးမည်ဟု ကြေညာထားကြောင်း၊ ၂၀၀၄ခုနှစ်မှ ၂၀၀၆ခုနှစ်အတွင်း အမေရိကန်အရှေ့ပိုင်းသို့ ကိုကင်းကီလို ထောင်ပေါင်းများစွာ ဖြန့်ဖြူးနေသူဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(ဝဲပုံ)** **(အင်တာနက်)**

အမှတ်(၂)တပ်မတော်ဆေးရုံသို့ သွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၃၁

အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)တွင် တက်ရောက် ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်း၅၄ဦးတို့က ဩဂုတ် ၂၅ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ အဆိုပါဆေးရုံသို့ သွားရောက်၍ (၂၄)ကြိမ်မြောက်အဖြစ် စုပေါင်းသွေးလှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ယင်းနောက် အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သွေးလှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) တပ်မှူးထံ ငွေကျပ်တစ်သိန်းတန်ဖိုးရှိ သွေးအိတ်နှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဥဂ္ဂါလမ်းနှင့် အောင်ဇေယျလမ်းဆုံ ကွန်ကရစ်တံတားဆောက်လုပ်ပြီးစီးမှုကို ဩဂုတ်၅ရက်က အမှုဆောင်အရာရှိ ဦးလှဖော်ဇံ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန်းစန်းအေး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၃၁

MBA ဘွဲ့ရများဖြင့် ဖွဲ့စည်းထားသည့် Myanmar Business Executives Network မှ ဖွင့်လှစ်ထားသည့် Business Capacity Building (BCB) Centre အနေဖြင့် လက်တွေ့စီးပွားရေး ဥပဒေသသင်တန်းကို စက်တင်ဘာလ ဒုတိယအပတ်တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါသင်တန်းတွင် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲသူများအတွက် မသိမဖြစ်အကြောင်းအရာများဖြစ်သည့် Nature of Myanmar Legal System (မြန်မာ့တရားဥပဒေစနစ်၏ သဘောသဘာဝ)၊ Operating Private Business and its Limitations (ပုဂ္ဂလိက စီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ဘောင်ကန့်သတ်ခြင်း)၊ Overview of Foreign and Citizens Investments (နိုင်ငံခြားသားနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုခြုံငုံသုံးသပ်ခြင်း)၊ Property Conveyance within the Legal Limit (ဥပဒေဘောင်အတွင်း၌ ပစ္စည်းလွှဲပြောင်းပေးခြင်း)၊Sale of Goods and Products (ထုတ်ကုန်ပစ္စည်းများ လွှဲပြောင်းရောင်းချခြင်း)၊ Commercial Contract Negotiation,Drafting and Execution (စီးပွားရေးစာချုပ် ညှိနှိုင်းခြင်း၊ ရေးဆွဲခြင်းနှင့် လက်မှတ်ရေးထိုးခြင်း)၊ Transporation of Goods by Way of Import and Export (ကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်း၊ တင်ပို့ခြင်း)၊ Settlement of Disputes in Contracts (သဘောတူစာချုပ်များတွင် အငြင်းပွားမှု ဖြေရှင်းခြင်း)၊ Company Formation, Operation and Liquidation (ကုမ္ပဏီတည်ထောင်ခြင်း၊ ဆောင်ရွက်ခြင်း၊ ဖျက်သိမ်းခြင်း)၊ Registration and Protection of Intellectual Property (ဉာဏပစ္စည်းမှတ်ပုံတင်ခြင်းနှင့် အကာအကွယ်ပေးခြင်း)၊ Partnership Agreement, Operation and Termination (ဖက်စပ်စာချုပ်ရေးဆွဲခြင်း၊ ဆောင်ရွက်ခြင်းနှင့် ဖျက်သိမ်းခြင်း)၊ Labor Laws, Employment Regulations and Discipline Actions (အလုပ်သမားဥပဒေ၊ ဝန်ထမ်းခန့်ထားရေး စည်းမျဉ်းစည်းကမ်း၊ ဝန်ထမ်းအားအရေးယူခြင်း)တို့ ပါဝင်မည် ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

သင်တန်းကာလမှာ ၁၂ရက်ဖြစ်ပြီး သင်တန်းအချိန်မှာ ညနေ ၅နာရီခွဲမှ ၇နာရီခွဲအထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Business Capacity Building(BCB)Centre အခန်း ၄၀၅ ပန်းခြံတာဝါ အမှတ် ၈ ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း ရန်ကုန်မြို့ ဖုန်း-၅၃၈၅၃၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မင်းလှမြို့နယ်၌ စပါးခင်းအတွင်း ငါး၊ ငါးရှဉ့်မျိုးစိုက်ထည့်

ရန်ကုန် ဩဂုတ် ၃၁

ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန ရုံးချုပ်နှင့်တိုင်း၊ ခရိုင် အဆင့်ဆင့်တို့၏ ညွှန်ကြားချက်နှင့်အညီ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဩဂုတ် ၂၇ရက်တွင် စပါးခင်းအတွင်း ငါး၊ ငါးရှဉ့်မျိုး စိုက်ထည့်ခြင်းအခမ်းအနားကျင်းပသည်။

မျိုးစိုက်ထည့်

အဆိုပါ အခမ်းအနားသို့ မင်းလှမြို့နယ် ဥက္ကဋ္ဌဦးတင်ရီနှင့် အတွင်းရေးမှူး ဒေါ်နွယ်နီဦး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်နိုင်နှင့် ဝန်ထမ်းများ၊ အုတ်ဖိုငါးသားပေါက်စခန်းတာဝန်ခံ ဦးသန်းနိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်သူများနှင့် ငါးရှဉ့်လုပ်ငန်းရှင်များက စပါးခင်းများအတွင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀နှင့် ငါးရှဉ့်ကောင်ရေ ၁၈၂၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ်ပြန်/ဆက်)

● *ရှေ့ဖုံးမှ*

အင်ဒိုနီးရှားသမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများ၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံ တည်ဆောက်ခဲ့ကြသည့် လုပ်ငန်းရှင်များ၊ ဂုဏ်ပြုဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြန်လည်ဂုဏ်ပြု

ရှေးဦးစွာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်သဘာဝဘေးကာကွယ်ရေးအတွက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ ဦးဆောင်မှုအောက်တွင် တစ်တပ်တစ်အား ဦးထမ်းပဲ့ထမ်း ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနအသီးသီးမှ ဝန်ထမ်းများ၊ လိုအပ်သည်များ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသူများ၊ Cyclone Shelter တည်ဆောက်ရေးအတွက် လှူဒါန်းပေးခဲ့သည့် ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီ သီရိဒ္ဓုံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရ၏ လှူဒါန်းမှုများကို မုန်တိုင်းသင့်ပြည်သူများကိုယ်စား ပြန်လည်ဂုဏ်ပြုသောအားဖြင့် ကျင်းပပြုလုပ်သည့် ဂုဏ်ပြုပွဲ အခမ်းအနားပင်ဖြစ်ကြောင်း။

ရာသီဥတုပြောင်းလဲမှု၊ ကမ္ဘာကြီးပူနွေးလာမှု စသည့်အကြောင်းရင်းခံများကြောင့် ယနေ့မျက်မှောက် ကမ္ဘာကြီးတွင် နေ့စဉ်နှင့်အမျှ သဘာဝဘေးအန္တရာယ်များအဖြစ် မီးတောင်များပေါက်ကွဲခြင်း၊ ရေကြီးခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီ ကျရောက်ခြင်း၊ မုန်တိုင်းများဖြစ်ပွားခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုကျခြင်း၊ တောမီးလောင်ကျွမ်းခြင်း စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ ဖြစ်ပေါ်လျက်ရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည်လည်း အလားတူ သဘာဝဘေးအန္တရာယ်အချို့ကို ကြုံတွေ့ခဲ့ရကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသ၊ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းဒေသများသည် မုန်တိုင်းအန္တရာယ် မကြာခဏ ကြုံတွေ့ရသည့် ဒေသများဖြစ်သကဲ့သို့ ဆိုင်ကလုန်းမုန်တိုင်းအနေဖြင့် ပြီးခဲ့သော နှစ်ပေါင်း ၆၀အတွင်း ၃၅ ကြိမ် ဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းကို တွေ့ရှိရကြောင်း၊ ၂၀၀၈ခုနှစ် မေလဆန်းတွင် အကြီးမားဆုံး သဘာဝဘေးဖြစ်သည့် နာဂစ်မုန်တိုင်း တိုက်ခတ်မှုကို ကြုံတွေ့ခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီး မြို့နယ်ခုနစ်မြို့နယ်တွင် နေအိမ်ပေါင်း သုံးသိန်းကျော်နှင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၂မြို့နယ်တွင် နေအိမ်ပေါင်း နှစ်သိန်းကျော် ပျက်စီးဆုံးရှုံးခဲ့ရပြီး စုစုပေါင်း လူဦးရေ တစ်သိန်းသုံးသောင်းကျော် သေဆုံးခဲ့ရကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု တန်ဖိုးပမာဏ စုစုပေါင်း ကျပ် ၁၁ ဒသမ ၇ ထရီလီယံရှိကြောင်း တွက်ချက်ရရှိခဲ့သည့်အတွက် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းတွင် မကြုံစဖူး အသက်အိုးအိမ်စည်းစိမ်အများဆုံး ဆုံးရှုံးခဲ့ရသည့် သဘာဝဘေးအန္တရာယ်ကြီးလည်းဖြစ်ကြောင်း။

ဖွဲ့စည်းခဲ့

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၄ခုနှစ်အတွင်း အိန္ဒိယသမုဒ္ဒရာတွင် ကျရောက်ခဲ့သည့် ဆူနာမီဖြစ်စဉ် ဖြစ်ပွားပြီးနောက် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး အတွက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကို ၂၀၀၅ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့ခြင်း ဖြစ်ကြောင်း၊ ကြိုတင်ဖွဲ့စည်းထားသော မိမိတို့ ဗဟိုကော်မတီသည် နာဂစ်မုန်တိုင်း ဖြစ်လျှင်ဖြစ်ချင်း ၂၀၀၈ ခုနှစ် မေ ၃ရက်တွင် အရေးပေါ်ကယ်ဆယ်ရေးနှင့် ယာယီနေရာချထားရေး၊ အရေးပေါ်စားနပ်ရိက္ခာ ထောက်ပံ့ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုပေးရေးစသည့် အရေးပေါ်လုပ်ငန်းများကို အချိန်မီဆောင်ရွက်ပေးနိုင်ရန်အတွက် နယ်မြေဒေသအလိုက် ဝန်ကြီးများကို တာဝန်ပေးပြီး မုန်တိုင်းသင့်ဒေသသို့ ချက်ချင်းသွားရောက်စေကာ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အနီးကပ် ကြီးကြပ်ဆောင်ရွက်စေခဲ့ကြောင်း။ *စာမျက်နှာ ၇ သို့*

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများကို အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ကူညီတည်ဆောက်ပေးခဲ့သော ကုမ္ပဏီများအနက် ဒုတိယဆုရ ဒိုင်းမွန်းမာကျူရီကုမ္ပဏီဥက္ကဋ္ဌ ဦးစိန်လွင်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နာဂစ်မုန်တိုင်းသင့်ပြီးနောက် နိုင်ငံတော်အစိုးရနှင့် အလှူရှင်များ ပူးပေါင်းတည်ဆောက်ပေးခဲ့သော လပွတ္တာမြို့နယ် ပြင်ခရိုင်ကျေးရွာရှိ Cyclone Shelter အဆောက်အအုံ၏ ခံ့ထည်မှုမြင်ကွင်း....။

နာဂစ်မုန်တိုင်းဒဏ်ခံရမှုကို တုံ့ပြန်ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် ပထမအဆင့် အရေးပေါ်ကယ်ဆယ်ရေးနှင့် ယာယီနေရာချထားရေး၊ ဒုတိယအဆင့် ပြန်လည်ထူထောင်ရေး၊ တတိယအဆင့် ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်သဘာဝဘေးဒဏ် ကာကွယ်ရေးတို့ကို စနစ်တကျ ဆောင်ရွက်ခဲ့။

နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများ လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ရေးအတွက် တည်ဆောက်ပေးထားသည့် မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရာဇဒိုင်တံတား အမှတ်(၁)သည်ကား ဤသို့ ခံ့ခံ့ညားညား....။

1-9 (06).pmd 1 9/1/2010, 3:17 AM

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး မုန်တိုင်းဒဏ်ခံအဆောက်အအုံများကို အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ကူညီတည်ဆောက်ပေးခဲ့သော ကုမ္ပဏီများအနက် ဂုဏ်ပြုဆုရရှိသည့် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆မှ

မိမိတို့ ဗဟိုကော်မတီအနေဖြင့် ရန်ကုန်မြို့တွင် ရှေ့တန်းရုံး အခြေစိုက်စခန်းဖွင့်လှစ်ပြီး **"အသက်ရှင်ကျန်ရစ်သူတိုင်း ဆက်လက်အသက်ရှင်သန်ရပ်တည်နိုင်ရမည်"** ဆိုသည့်သန္နိဋ္ဌာန်ဖြင့် မုန်တိုင်းသင့်ဒေသအနှံ့ ဖြန့်ကြက်သွားလာပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်ခံရမှုကို တုံ့ပြန်ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် **ပထမအဆင့်** အရေးပေါ်ကယ်ဆယ်ရေးနှင့် ယာယီနေရာချထားရေး၊ **ဒုတိယအဆင့်** ပြန်လည်ထူထောင်ရေး၊ **တတိယအဆင့်** ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်သဘာဝဘေးဒဏ်ကာကွယ်ရေးတို့ကို စနစ်တကျဆောင်ရွက်ခဲ့ကြောင်း၊ ပထမအဆင့်လုပ်ငန်းများကိုဆောင်ရွက်ရာတွင် အရေးပေါ်ကယ်ဆယ်ရေးစခန်းများအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၂၆၀ခုနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ၆၁၉ခု ရှိခဲ့ကြောင်း၊ အရေးပေါ်ကယ်ဆယ်ရေးနှင့်အတူ စားနပ်ရိက္ခာဖြည့်တင်းထောက်ပံ့ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ထိထိရောက်ရောက်ပေးနိုင်ရေးအတွက် နေရာအနှံ့ ပြန့်ကျဲနေသည့် အရေးပေါ်ကယ်ဆယ်ရေးစခန်းများကို စနစ်တကျပြန်လည်စုဖွဲ့ပြီး ရှေ့တန်းစခန်း ၁၂ ခု၊ အလယ်တန်းစခန်းခြောက်ခုနှင့် နောက်တန်းစခန်းသုံးခုအဖြစ် ဖွင့်လှစ်ကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း။

အသက်ရှင်ကျန်ရစ်သူတိုင်း ဆက်လက်အသက်ရှင်ကျန်ရစ်စေရန်နှင့် နောက်ဆက်တွဲ ကူးစက်ရောဂါများကျရောက်ခြင်း မရှိစေရန်အတွက် ကယ်ဆယ်ရေးစခန်းများနှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှု ရှေ့တန်းစခန်းများကိုပါ ပူးတွဲဖွင့်လှစ်ပြီး မုန်တိုင်းသင့်ပြည်သူများ၏ စိတ်ဓာတ်မြှင့်တင်ပေးသည့် နှစ်သိမ့်ဆွေးနွေးမှု အပါအဝင် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင် ကောင်းမွန်လာစေရန် အနီးကပ်ကုသစောင့်ရှောက်မှုပေးခဲ့သည့်အပြင် နေရာအနှံ့သွားလာနိုင်သည့် နယ်လှည့်ဆေးရုံသင်္ဘောများကိုလည်း စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

စီမံဆောင်ရွက်

သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လဲပြိုကျနေသည့် သစ်ပင် သစ်ကိုင်းများ ရှင်းလင်းရေးတို့ကို ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မုန်တိုင်းသင့်ပြည်သူများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် သန့်ရှင်းသော သောက်သုံးရေနှင့် စားနပ်ရိက္ခာ၊ ဆေးဝါးပစ္စည်းများကို အလျင်အမြန် ထောက်ပံ့ပို့ဆောင်ပေးနိုင်ရန်အတွက် တပ်မတော်က လေယာဉ်၊ ရဟတ်ယာဉ်၊ ရေယာဉ်နှင့် မော်တော်ယာဉ်များ၊ ပြည်တွင်းရေကြောင်းမှ ရေယာဉ်များ၊ မြန်မာ့လေကြောင်း၊ မြန်မာ့မီးရထား၊ ပုဂ္ဂလိကရေယာဉ်များ စသည့်ကဏ္ဍပေါင်းစုံမှ ကူညီပေးပို့ထောက်ပံ့ခဲ့ကြောင်း၊ အလားတူ ပြည်တွင်းပြည်ပမှ လှူဒါန်းမှုများကိုလည်း လက်ခံရယူပြီး အချိန်နှင့်တစ်ပြေးညီ သယ်ပို့ဖြန့်ခွဲပေးခဲ့ကြကြောင်း၊ အုပ်ချုပ်ရေးယန္တရား မပျက်ပြားစေရအောင် ဝန်ကြီးများကို မြို့နယ်အဆင့်အထိ အနီးကပ် ကြီးကြပ်စေခဲ့သည့်အပြင် တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ပြည်သူလူထုတို့မှ ပူးပေါင်းပါဝင်ပြီး စနစ်တကျစီမံဆောင်ရွက်ခဲ့ကြကြောင်း။

မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့ဗဟိုကော်မတီအနေဖြင့် **"မြေအုတ်တို့ပြိုလေရာ ကျောက်အုတ်တို့ဖြင့် အစားထိုးအံ့"** ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို မမိုတ်မသုန် စွဲစွဲမြဲမြဲခံယူပြီး ပြန်လည်ထူထောင်ရေးအဆင့်နှင့် ရေရှည်သဘာဝဘေး ကာကွယ်ရေးအဆင့် စသည့်အဆင့်တိုင်းတွင် ဒေသဖွံ့ဖြိုးရေးကိုပါ ယှဉ်တွဲဆက်စပ်ပြီး စီမံကိန်းများ ရေးဆွဲချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ မုန်တိုင်းသင့် ပြည်သူများကို ပြန်လည်နေရာချထားရာတွင်လည်း မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် အိုးအိမ်များကို တည်ဆောက်ပေးနိုင်ခဲ့ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းစသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း အမြန်ဆုံးပြန်လည်ထူထောင်ပေးခဲ့ကြောင်း။

နာဂစ်မုန်တိုင်း ကျရောက်ရာဒေသသည် မြန်မာနိုင်ငံ၏ ဆန်စပါးအဓိကစိုက်ပျိုးထုတ်လုပ်ရာဒေသဖြစ်သည့်အတွက် မျိုးစပါး၊ လယ်ထွန်စက်၊ ဓာတ်မြေဩဇာနှင့် ကျွဲ၊ နွားတို့ကို အမြန်ဆုံးဖြည့်ဆည်းပေးခဲ့ပြီး ဆန်စပါးထွက်ရှိမှု သိသိသာသာ ကျဆင်းမသွားစေရအောင် ဆောင်ရွက်ခဲ့ကြောင်း။

ရေလုပ်ငန်းပြန်လည်ထူထောင်နိုင်ရေးအတွက်လည်း ငါးဖမ်းပိုက်နှင့် ငါးဖမ်းလှေများကို အမြန်ဆုံးစုဆောင်းဖြည့်တင်းပေးရာတွင် စက်တပ်လှေပေါင်း တစ်သောင်းကျော်နှင့် ငါးဖမ်းပိုက်မျိုးစုံ နှစ်သောင်းခြောက်ထောင်ကျော်ကို ဖြန့်ဖြူးပေးခဲ့ကြောင်း။

အထူးအစီအစဉ်

ဆားထုတ်လုပ်သည့်ရာသီအမီ ဆားလုပ်ငန်း ပြန်လည်ထူထောင်နိုင်ရေးအတွက် ဆားလုပ်ငန်းရှင်များအား ငွေကျပ်ရှစ်ဘီလီယံချေးငှားပေးခဲ့ပြီး လက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ရေစုပ်စက်၊ သစ်၊ ဒီဇယ်ဆီများ ရရှိအောင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း။

တစ်ချိန်တည်းမှာပင် ဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ကမ်းရိုးတန်းစီဒီအမ်အေကွန်ရက်စနစ်ကို ချက်ချင်းထူထောင်ပေးခဲ့ပြီး လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက်လည်း တစ်နိုင်ငံလုံးတွင်ရှိသည့် လျှပ်စစ်ဝန်ထမ်းများကို ခေါ်ယူစုစည်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း။

မုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသည့် အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် စာသင်နှစ် ကျောင်းဖွင့်ချိန်အမီ စာသင်ကျောင်း ၂၄၂၇လုံးကို ပြန်လည်ပြုပြင်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို ကုမ္ပဏီပေါင်း ၇၃ခုနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

အိုးမဲ့အိမ်မဲ့ဖြစ်သွားကြရသည့် မုန်တိုင်းသင့် ပြည်သူများအတွက်လည်း ကျေးလက်အိမ်ရာ စုစုပေါင်း တစ်သောင်းကျော် တည်ဆောက်ပေးခဲ့ကြောင်း၊

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် မုန်တိုင်းဒဏ်ခံအဆောက်အအုံများကို အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ကူညီတည်ဆောက်ပေးခဲ့သော ကုမ္ပဏီများအနက် ဂုဏ်ပြုဆုရရှိသည့် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နာဂစ်မုန်တိုင်းသင့်ဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် စေတနာအလှူရှင်များ၏ ပူးပေါင်းပါဝင်ကြိုးပမ်းမှုရလဒ်အဖြစ် ပေါ်ထွက်လာသည့် ပုသိမ် - သလပ်ချော-မော်တင်စွန်း ကတ္တရာလမ်းသစ်၏ ဖွင့်ပွဲနေ့က မြင်ကွင်း....။

ယင်းကဲ့သို့ နေရာချထားရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များသည် အချိန်မီပြီးစီးရေးအတွက် အခက်အခဲမျိုးစုံကို ရင်ဆိုင်ကျော်လွှားပြီး တက်တက်ကြွကြွ အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် မိမိတို့ ဗဟိုကော်မတီအနေဖြင့် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုကြောင်း။

ရေလမ်းကြောင်းတစ်ခုတည်းကိုသာ အားထားနေရသည့် ဤဒေသအတွက် ရေရှည်သဘာဝဘေး ကာကွယ်ရေးအတွက်သာမက ကုန်ထုတ်လမ်းမကြီးများအဖြစ်ပါ အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် အညီ လမ်းမကြီး ၁၁လမ်းပါဝင်သည့် လမ်းကွန်ရက်စီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့အပြင် လမ်းကြောင်းတစ်လျှောက် သက်ကယ်ကုန်းများကိုလည်း အရေးပေါ်အသက်ကယ်နိုင်အောင် စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

ရေရှည်သဘာဝဘေး ကာကွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပင်လယ်ကမ်းပတ် တာများကိုလည်း ပြုပြင်ပေးခဲ့ပြီး ဒီရေတောများကိုလည်း ပြန်လည်ထူထောင်ပေးခဲ့ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁သို့

ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန် နိုင်ငံတော်အစိုးရနှင့်အတူ အလှူရှင်များက အမျိုးသားရေးစိတ်ဓာတ်ပြည့်ဝစွာဖြင့် ပါဝင်တည်ဆောက်ပေးခဲ့သော လပွတ္တာမြို့ သုံးမိုင်မြို့ကွက်သစ်ရှိ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံသည်ကား ဤသို့ ခံ့ခံ့ထည်ထည်....။

1-9 (07).pmd 1 9/1/2010, 3:17 AM

ရေရှည်သဘာဝဘေးကာကွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပင်လယ်ကမ်းပတ်တာများ ပြုပြင်ပြီး ဒီေ
ပင်လယ်ကမ်းစပ်နှင့် ထိစပ်နေသည့်ဒေသများကို ပထမဦးစားပေးသတ်မှတ်ပြီး အခိုင်အမာခိုလှုံရာ Cyclon

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများကို အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ကူညီတည်ဆောက်ပေးခဲ့သော ကုမ္ပဏီများအနက် ဆုရရှိသည့် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဇင်ရွဲကြီး၊ ပိုးလောင်း၊ သစ်ပုတ်နှင့် စလူဆိပ်၊ ဘိုကလေးမြို့နယ်တွင် ကဒုံကနီနှင့် ဇရော၊ ဖျာပုံမြို့နယ်တွင် အမာနှင့် ဒေါင်ငြိမ်း၊ ဒေးဒရဲမြို့နယ်တွင် ဒမင်းဆိပ်၊ ကျုံဒါး၊ တိုးရွာနှင့် သောကြာ၊ ကွမ်းခြံကုန်းမြို့နယ်တွင် လက်ခုပ်ကုန်း စသည့်နေရာများ၌ Cyclone Shelter အလုံး ၂၀ကို ရှေးဦးစွာ တည်ဆောက်ပေးခဲ့ကြပြီး **ဒုတိယဆင့်**အဖြစ် ဖျာပုံမြို့နယ် ကုလားထိပ်၊ နောက်မီး၊ ဆိပ်မ၊ ချောင်းဝ၊ ဘိုကလေးမြို့နယ် ထော်ပိုင်၊ စက်ဆန်း၊ မော်လမြိုင်ကျွန်းမြို့နယ် ငွေစင်ရော်၊ ကြက်လျှာစသည့် နေရာများတွင် ရှစ်လုံး ထပ်မံတည်ဆောက်ပေးခဲ့ကြောင်း၊ ရေချို ရှားပါးသောဒေသဖြစ်သည့်အတွက် ယင်း Cyclone Shelter များတွင် ရေချို လုံလောက်စွာ သိုလှောင်နိုင်ရေးအတွက် ရေဂါလန် တစ်သိန်းနှစ်သောင်းဆံ့ ရေချိုလှောင်ကန်များကိုလည်း ဖြည့်ဆည်းတည်ဆောက်ပေးခဲ့ကြကြောင်း၊ တည်ဆောက်ရေး ကုမ္ပဏီများအနေဖြင့် ယင်းတည်ဆောက်ရေးလုပ်ငန်းများကို ရာသီဥတုအခက်အခဲ၊ သွားလာပို့ဆောင်ရေးအခက်အခဲ၊ ယာဉ်ယန္တရားအခက်အခဲ စသဖြင့် အခက်အခဲအမျိုးမျိုးကြားမှ ပင်ပင်ပန်းပန်း ကြိုးကြိုးစားစား လုပ်ကိုင်ခဲ့ရသည့်အတွက် မုန်တိုင်းသင့်ပြည်သူများအပေါ် ထားရှိသည့်စေတနာကို မိမိတို့ ဗဟိုကော်မတီအနေဖြင့် မှတ်တမ်းတင်အပ်ပါကြောင်း။

ပါဝင်ကူညီ

နာဂစ်မုန်တိုင်း၏ ရိုက်ခတ်မှု ဒဏ်ရာဒဏ်ချက်များကို တုံ့ပြန်ရင်ဆိုင်ကြရာတွင် မိမိတို့ ပြည်ထောင်စုတစ်ဝန်းလုံးသာမက အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံ၊ ကုလသမဂ္ဂအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့များ၊ နိုင်ငံတကာ အလှူရှင်များ၏ တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့ကြခြင်းတို့သည်လည်း မုန်တိုင်းသင့် ပြည်သူများအတွက် များစွာအကျိုးတရား ခံစားခဲ့ရကြောင်း၊ ဤကဲ့သို့ Cyclone Shelter တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် တစ်တပ်တစ်အား ပါဝင်ကူညီ လှူဒါန်းခဲ့ကြသည့် ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီ သီရိဒုံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရတို့ကိုလည်း ဗဟိုကော်မတီအနေဖြင့် ကျေးဇူးဥပကာရ အထူးပင်တင်ရှိကြောင်း ပြောကြားလိုကြောင်း။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ စေတနာဖြင့် ပြီးစီးသည်အထိ ပါဝင်ကူညီပေးခဲ့သော အငြိမ်းစား အင်ဂျင်နီယာချုပ်တစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယခုကဲ့သို့ မြစ်ဝကျွန်းပေါ်ဒေသ၌ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသည့်အချိန်တွင် ပြည်တွင်းပြည်ပမှ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က ချက်ချင်းဆိုသကဲ့သို့ ငွေအား၊ လူအား၊ ပစ္စည်းအားနှင့် ဘက်ပေါင်းစုံက ပါဝင်ကူညီပေးခဲ့ကြသည့်အတွက် ယခုကဲ့သို့ အချိန်တိုအတွင်း မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်တွင် အရေး
သား ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် မြန်
စိတ်ဓာတ်ကို အရင်းခံပြီး နိုင်ငံတော်အစိုးရ၊ ပြ
တို့၏ ပေါင်းစည်းညီညွတ်မှု စွမ်းအားဖြင့်
ကျော်လွှားပြီး အောင်မြင်အောင် ဆောင်ရွက်နို
ဖြစ်စဉ်မှ လက်တွေ့သင်ခန်းစာရယူပြီး နိုဝင်ဘ
ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်
အစိုးရ၊ တပ်မတော်တို့နှင့်အတူ လက်တွဲပြီး တ
တစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်
ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြ

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးနှင့် ရ
နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့်
ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများဆော
ဓာတ်ပုံများကို ပြသသည်။

ယင်းနောက် အမျိုးသားသဘာဝဘေး
ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က
ဒဏ်သင့် ကဒုံကနီကျေးရွာတွင် မုန်တိုင်းဒဏ်ခံ
Shelter) လှူဒါန်းခဲ့သော ထိုင်းဘုရင့်သမီးတေ
ကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရ
H.E. Mr. Apjrath Vienravi အား လည်း
မုန်တိုင်းဒဏ်ခံ အဆောက်အအုံလှူဒါန်းခဲ့သည်
အစိုးရကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံ
သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Se
အား လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအ

ပေးအပ်ချီးမြှင့်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က
နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွ
ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအစီ
အဆောက်အအုံများကို အမျိုးသားရေးစိတ်ဓာ
တည်ဆောက်ပေးခဲ့ကြသော ကုမ္ပဏီများအနက်
ဥက္ကဋ္ဌ ဦးဌေးမြင့်၊ ဒုတိယဆုရ ဒိုင်းမွန်းမာကျူရီ
တတိယဆုရ ထူးကုမ္ပဏီဥက္ကဋ္ဌ ဦးတေဇတို့အာ
သည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်
ဦးဌေးဦးက စတုတ္ထဆုရ ဇေင်ကုမ္ပဏီဥက္က
မိုးကြယ်စင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦး
အေဝမ်းကုမ္ပဏီ ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် သတ္တမဆုရ
ဦးဇော်ဇော်တို့အား ဆုများကို ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန
ဂုဏ်ပြုဆုများရရှိကြသည့် အေရှားဝေါလ်ကုမ္
ဦးမောင်ကျေး၊ ရွှေသံလွင်ကုမ္ပဏီ မန်နေဂျင်းဒါ
ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ
ကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်သက်မန်း၊ ဝါဝါဝင်းကုမ္
ကြိုင်နှင့် T.Z.T.M ကုမ္ပဏီ မန်နေဂျင်းဒါရိုက်
လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသာ
ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး
များ ရရှိကြသည့် တက်လမ်းကုမ္ပဏီ စီမံကိန်းဒါ
မြတ်နိုးသူကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ
ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ပိုင်၊ ရွှေတောင်ကုမ္ပ
ဦးအောင်ဇော်နိုင်၊ မြနန္ဒာကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးလှို
မန်နေဂျင်းဒါရိုက်တာ ဦးလှမောင်ရွှေ တို့အာ
ပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၇ မှ

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ပထဝီအနေအထားအရ အကာအကွယ်နည်းသော မြေပြန့်ဒေသဖြစ်သည့်အတွက် လေမုန်တိုင်း၊ ရေလွှမ်းမိုးမှု၊ ဆူနာမီ စသော သဘာဝဘေးအန္တရာယ်များ ကျရောက်လာလျှင် ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးနှင့် လူများ၏အသက်ကို ကယ်တင်နိုင်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပင်လယ်ကမ်းစပ်နှင့် ထိစပ်နေသည့် ဒေသများကို ပထမဦးစားပေးအဖြစ် သတ်မှတ်ပြီး အခိုင်အမာခိုလှုံရာ Cyclone Shelter များ တည်ဆောက်ရန် စီမံခဲ့ကြောင်း၊ သာမန်အချိန်တွင် စာသင်ကျောင်း၊ ဆေးရုံများအဖြစ် အသုံးပြုပြီး အရေးပေါ်အချိန်များတွင် အခိုင်အမာ ခိုလှုံရာအဖြစ် အသုံးပြုနိုင်မည့် Dual Used Cyclone Shelter များကို ယခုတက်ရောက်လာကြသည့် လုပ်ငန်းရှင်များက မိုးရာသီအတွင်းမှာပင် ခက်ခက်ခဲခဲ တည်ဆောက်ပေးခဲ့ကြောင်း။

ထပ်မံတည်ဆောက်ပေး

ပထမဆင့်အဖြစ် ငပုတောမြို့နယ်တွင် ချောင်းဝ၊ ပြင်ခရိုင်၊ သဃ်န်းကုန်းနှင့် သက္ကယ်သောင်၊ လပွတ္တာမြို့နယ်တွင် သဃ်န်းကြီး၊

လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာ၌ အလှူရှင် မိုးကြယ်စင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံကို မုန်တိုင်းသင့် ပြည်သူများ၏ အိမ်ရာအနီးတွင် ဝေဟင်မှ ဤသို့တွေ့ရသည်။

နာဂစ်မုန်တိုင်း ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်သဘာဝဘေး ကာကွယ်ရေးလုပ်ငန်း အဆင့်ဆင့်တွင် မိမိတို့ ထမ်းဆောင်ရမည့် တာဝန်အသီးသီးကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ဗဟိုကော်မတီနှင့် ဆပ်ကော်မတီဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ကိုယ်ကျိုးစီးပွားကို အလေးအနက်မထားဘဲ နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးအတွက် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ကျရာကဏ္ဍအသီးသီးကနေ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း ပြည်ပမှ စေတနာရှင် အလှူရှင်များ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအားလုံးကို မိမိတို့ဗဟိုကော်မတီအနေဖြင့် အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားလိုကြောင်း။

တာများ ပြုပြင်ပြီး ဒီရေတောများ ပြန်လည်ထူထောင်ပေး
အမာခိုလုံရာ Cyclone Shelter များ တည်ဆောက်ရန်စီမံခဲ့

ဝိုင်းဝန်းကြိုးပမ်း

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်တွင် အရေးကြုံလာသည့်အခါ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် မြန်မာဆိုသည့် အမျိုးသားရေးစိတ်ဓာတ်ကို အရင်းခံပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှု စွမ်းအားဖြင့် အခက်အခဲအမျိုးမျိုးကို ကျော်လွှားပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို နာဂစ်မုန်တိုင်းဖြစ်စဉ်မှ လက်တွေ့သင်ခန်းစာရယူပြီး နိုဝင်ဘာ ၇ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက်လည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ လက်တွဲပြီး တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု မြင်ကွင်းနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှု မှတ်တမ်းတင်ဓာတ်ပုံများကို ပြသသည်။

ယင်းနောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ကဒုံကနိကျေးရွာတွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံ (Cyclone Shelter) လှူဒါန်းခဲ့သော ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီ သီရိဒုံ ကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Apjrath Vienravi အား လည်းကောင်း၊ ပြင်စလူမြို့တွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံလှူဒါန်းခဲ့သည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono အား လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအစီအစဉ်ဖြင့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများကို အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ကူညီ တည်ဆောက်ပေးခဲ့ကြသော ကုမ္ပဏီများအနက် ပထမဆုရ ယုဇနကုမ္ပဏီ ဥက္ကဋ္ဌ ဦးဌေးမြင့်၊ ဒုတိယဆုရ ဒိုင်းမွန်းမာကျူရီကုမ္ပဏီဥက္ကဋ္ဌ ဦးစိန်လွင်နှင့် တတိယဆုရ ထူးကုမ္ပဏီဥက္ကဋ္ဌ ဦးတေဇတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးက စတုတ္ထဆုရ ဇေဒင်ကုမ္ပဏီဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ပဉ္စမဆုရ မိုးကြယ်စင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးပြည့်ဖြိုးအောင်၊ ဆဋ္ဌမဆုရ အေဝမ်းကုမ္ပဏီ ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် သတ္တမဆုရ မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ဂုဏ်ပြုဆုများရရှိကြသည့် အေရှားဝေါလ်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်ကျေး၊ ရွှေသံလွင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းထွန်း၊ ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဧရာရွှေဝါ ကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်သက်မန်း၊ ဝါဝါဝင်းကုမ္ပဏီ ဒါရိုက်တာ ဦးအာကာကြိုင်နှင့် T.Z.T.M ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသက်လင်းတို့အား လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးသိန်းညွန့်က ဂုဏ်ပြုဆုများ ရရှိကြသည့် တက်လမ်းကုမ္ပဏီ စီမံကိန်းဒါရိုက်တာ ဦးကျော်မင်းထွန်း၊ မြတ်နိုးသူကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးကျော်စိုးလွင်၊ F.M.I ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ပိုင်၊ ရွှေတောင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇော်နိုင်၊ မြနန္ဒာကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးလှိုင်နှင့် ပြည့်ဖြိုးကျော်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးလှမောင်ရွှေ တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အနီးကပ်ကြီးကြပ်ပေး

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်က ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မုန်တိုင်းဒဏ်ခံအဆောက်အအုံများနှင့် ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့တွင် ပညာရပ်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ စေတနာဖြင့် ပြီးစီးသည်အထိ ပါဝင်ကူညီပေးခဲ့သော အငြိမ်းစားအင်ဂျင်နီယာချုပ်များအားလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ ကျော်မြင့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းတို့က ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နေ့ရောညပါ အင်တိုက်အားတိုက် တာဝန်ထမ်းဆောင်ခဲ့ကြပြီး လုပ်ငန်းခွင်အရောက် နေပူမိုးရွာမရှောင် အနီးကပ်နေထိုင် ကြီးကြပ်ပေးခဲ့ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ဆက်လက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရက လှူဒါန်းပြီး မက်စ်မြန်မာကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့သည့် လပွတ္တာခရိုင် ပြင်စလူမြို့ရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံကို (၂၅)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် အသုံးပြုရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် မက်စ်မြန်မာ ကုမ္ပဏီဥက္ကဋ္ဌတို့က ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က လက်ခံသည်။

ယင်းနောက် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာနှင့် ငပုတောမြို့နယ် ချောင်းဝကျေးရွာတို့ရှိ မုန်တိုင်းဒဏ်ခံအဆောက်အအုံများအား စက်မှုလက်မှုအထက်တန်းကျောင်းများအဖြစ် အသုံးပြုရန်အတွက် အေရှားဝေါလ်ကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုဦးက လက်ခံသည်။

ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်

သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဦးအုန်းမြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နေ့ရောညပါ အင်တိုက် အားတိုက် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တာဝန်ယူတည်ဆောက်ခဲ့

ထို့နောက် ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာရှိ မုန်တိုင်းဒဏ်ခံအဆောက်အအုံအား အခြေခံပညာကျောင်းအဖြစ်အသုံးပြုရန်အတွက် အလှူရှင် ထိုင်းဘုရင့်သမီးတော်ကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ယူတည်ဆောက်ခဲ့သည့် ထူးကုမ္ပဏီဥက္ကဋ္ဌတို့ကလည်းကောင်း၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ဒေးဒရဲမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် ငပုတောမြို့နယ်တို့ရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများအား အခြေခံပညာကျောင်းများအဖြစ် အသုံးပြုရန်အတွက် တာဝန်ယူတည်ဆောက်ခဲ့သည့် ကုမ္ပဏီများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက လည်းကောင်း ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ကြရာ ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်တို့က လက်ခံကြသည်။

ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာရှိ လူ(၅၀၀) ခိုလှုံနိုင်သည့် Cyclone Shelter ၏ ခံ့ထည်မှုနှင့် အလှူရှင်တို့၏ စေတနာ မြင်ကွင်း....။

ယင်းနောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ အစီအစဉ်ဖြင့် မုန်တိုင်းဒဏ်ခံအဆောက်အအုံများကို တာဝန်ယူတည်ဆောက်ခဲ့ကြသည့် ကုမ္ပဏီများကိုယ်စား ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အစည်းအဝေးခန်းမရှေ့တွင် ခင်းကျင်းပြသထားသော အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေး လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လမ်း၊ တံတားတည်ဆောက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီးအတွင်း တည်ဆောက်ပေးခဲ့သော ရာဇူဒိုင်တံတားအမှတ်(၂)ကို ဖွင့်လှစ်သည့်နေ့က မြင်ကွင်းသည်ကား ဤသို့ စည်စည်ကားကား....။



စက်မှုသင်တန်းကျောင်း(ပခုက္ကူ) တည်ဆောက်ထား ဒေသခံလူငယ်များ စက်မှုပညာရပ်များ လေ့လာသင်ယူခွင့်ရရှိ

အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိနိုင်မည်

နေပြည်တော် ဩဂုတ် ၃၁

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့် စက်မှုသင်တန်းကျောင်း(ပခုက္ကူ)သို့ ရောက်ရှိသည်။

မှာကြား

ထို့နောက် စက်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အား စက်မှုနိုင်ငံအဖြစ် တည်ထောင်နိုင်ရန်အတွက် စက်မှုပညာရပ်ကျွမ်းကျင်သူများ လိုအပ်ပုံ၊ စက်မှုသင်တန်းကျောင်း(ပခုက္ကူ) ဖြစ်ပေါ်ခဲ့ရပုံ၊ ပခုက္ကူဒေသအတွင်းရှိ လူငယ် လူရွယ်များအား စက်မှုကျွမ်းကျင်သူများဖြစ်နိုင်သည့် အခွင့်အလမ်းများကို နိုင်ငံတော်က ဖန်တီးပေးပုံ၊ ထိုသို့ စက်မှုကျွမ်းကျင်သူများအား နှစ်စဉ်မွေးထုတ်နိုင်ရန် အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုသင်တန်း ကျောင်းလေးခုကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပုံနှင့် စက်မှုသင်တန်းကျောင်း (ပခုက္ကူ)ကို အိန္ဒိယသမ္မတနိုင်ငံ၏ အကူအညီဖြင့် တည်ထောင်ထားပြီး ခေတ်မီသည့် သင်ထောက်ကူပစ္စည်းများကို ပြည့်စုံစွာတပ်ဆင်အသုံးပြု၍ ကျွမ်းကျင်သည့် နည်းပြဆရာများက မြင့်မားသည့် နည်းပညာများဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ ယခု စက်မှုသင်တန်းကျောင်းကို တက်ရောက်၍ စက်မှုပညာရပ်များအား သင်ယူခြင်းဖြင့် ဒေသခံလူငယ် လူရွယ်များအနေဖြင့် စက်မှု ပညာရပ်များကို မိမိ၏နယ်မြေအတွင်းမှာပင် လေ့လာသင်ယူခွင့် ရရှိသည့်အပြင် အဆိုပါပညာရပ်များကို အသုံးပြုခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများလည်း တိုးတက်ရရှိနိုင်မည်ဖြစ်ရာ စည်းကမ်းစနစ်ကျနစွာဖြင့် လေ့လာသင်ယူကြရန် အားပေးတိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် စက်မှုသင်တန်းကျောင်း အတွင်းရှိ စာသင်ခန်းများနှင့် လက်တွေ့လေ့ကျင့်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဝန်ကြီး ဦးစိုးသိန်းသည် ပခုက္ကူမြို့နယ်၌ ဖွင့်လှစ်ထားသည့် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်(ပခုက္ကူဘဏ်ခွဲ)ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးဖွားနှုန်းမြှင့်တင်ရေး အသိပေးဆွေးနွေးပွဲ

ညောင်ဦးခရိုင်တွင် ကျင်းပ

ညောင်ဦး ဩဂုတ် ၃၁

ညောင်ဦးခရိုင်တွင် ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်း မြှင့်တင်ရေး အသိပေးဆွေးနွေးခြင်းနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက်က ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အခမ်းအနားတွင် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရန်လင်းအောင်က အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်ထွန်းက ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်းမြှင့်တင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)** ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက သင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရန်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ (၀၇၉)

စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မိုးကောင်း ဩဂုတ် ၃၁

မိုးကောင်းမြို့နယ် မြတောင်ကျေးရွာအုပ်စု ကြယ်စင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၃၀ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးကြီးဝင်းဦး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းသိန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လင်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (၀၀၁)

ဦးချစ်စိန်-ဒေါ်အုန်းကြည်တို့အား အမျှုးထား၍ သံလွင်လမ်း ရွှေတောင်ကြား (၁)ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့နေ သားကြီး မောင်သန်းဦး-မလျှောင်ပိတ်ခိုင် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ် ၁၀၁ သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာဦးလှမြင့်နှင့် အတွင်းရေးမှူး ဦးသိန်းအောင်တို့ လက်ခံယူစဉ်။

(သတင်းစဉ်)

ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြော

ရသေ့တောင် ဩဂုတ် ၃၁

စစ်တွေခရိုင် ရသေ့တောင်မြို့နယ် ပြားချောင်းကြီးကျေးရွာ၌ ဒီရေတောနှင့် ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၈ရက် နံနက် ၁၀နာရီက ပြားချောင်းကြီးကျေးရွာ အမကကျောင်း၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးပြောကြား

ထို့နောက် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးကျော်ဝင်းက ဒီရေတောနှင့် ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းအဖြစ် ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် တားမြစ်ထားသော ရေနေသတ္တဝါများအား ဖမ်းဆီးသတ်ဖြတ်ခြင်းမပြုရန်၊ ငါးရစ်ငါးသန်များအား ထိန်းသိမ်းကာကွယ်ထားရန်နှင့် တားမြစ်ထားသော ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးခြင်းမပြုလုပ်ရန် စသည်တို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ငါးလုပ်ငန်းဦးစီး)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၃၁

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၃၂)ကို ရန်ကုန်မြို့ အနော်ရထာလမ်းနှင့် (၃၉)လမ်းထောင့် Central Tower ပထမထပ်ရှိ Swesone Media Groupမှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ မြန်မာနိုင်ငံတွင် မိုးပျံရထားလမ်းများ ဆောက်လုပ်ရန် မလေးရှားကုမ္ပဏီက စိတ်ဝင်စားလျက်ရှိ၊ ချစ်ကြည်ရေးခရီးစဉ်အဖြစ် တရုတ်ရေတပ်သင်္ဘောများ သီလဝါဆိပ်ကမ်းသို့ရောက်ရှိ၊ ပင်လယ်ဓားပြများလက်မှ လွတ်မြောက်လာသော မြန်မာသင်္ဘောသား ၂၁ ဦး စွန့်စားမှုနှစ်နာကြေးဒေါ်လာ ၁၂၀၀၀၀ရရှိ၊ ရပ်သံလိုင်းပေါင်း ၃၀ ခန့် ဖိုင်ဘာဆက်ကြောင်းသစ်တွင် ထုတ်လွှင့်မည်၊ အွန်လိုင်းမှ ဖုန်းဘီလ်ဆောင်သည့်စနစ် ဆောင်ရွက်မည်၊ ရိုးရိုးအိမ်စီးကားများကို ပြည်ပမှကားများနှင့် တစ်ပုံစံတည်းတူအောင် အလှဆင်ပေးနေ၊ ရှုခင်းသာ အပန်းဖြေစခန်းကို အဆင့်မြှင့်တိုးချဲ့မည်၊ မြန်မာဟိုတယ်ဝန်ထမ်းများကို အရှေ့အလယ်ပိုင်းနိုင်ငံများက သာမက စင်ကာပူကပါ ပြန်လည်ခေါ်ယူ၊ အအေးလိုင်းဖြတ်သန်းမှုအတွက် စိုက်ပျိုးရေးလုပ်ငန်းများသတိပြုရန်လို၊ ကတ္တရာ၊ ကျောက်၊ သဲ၊ ဘိလပ်မြေ မလိုဘဲ ဓာတုဆေးဖျန်းရုံဖြင့် ခင်းနိုင်မည့် တန် ၆၀ ခံ မြေသားလမ်း နို့ဝင်ဘာလဆန်း၌ စတင်ခင်းမည်၊ မြန်မာ့ကျောက်စိမ်းမွေ့ရာများ ဈေးကွက်တွင်ကျယ်လာ၊ ပထမဆုံး အမျိုးသားသီးသန့်အဆီချလုပ်ငန်း IHBC၌ ဖွင့်လှစ်၊ ဗီယက်နမ်စတိုင်နှင့် မြန်မာ့ရိုးရာပေါင်းစပ်ထားသည့် ဟိုတယ်ကို ရန်ကုန်၌ နို့ဝင်ဘာလကုန်တွင် ဖွင့်နိုင်ရန် ဗီယက်နမ်က ကမ်းလှမ်း၊ မိုင်ပေါင်း ၆၀ ရှည်လျားသည့် ၁၀ ရက်ကြာ ယာဉ်ကြောပိတ်ဆို့မှုကြီး ဖြစ်ပွားပြီးနောက်၊ မီးခြစ်ဆံများဖြင့် သင်္ဘော ၄၀၀ ကျော်ကို ၆၇ နှစ်ကြာတည်ဆောက်ခဲ့ရ၊ မြေအောက် ပေ ၂၃၀၀ ခန့်တွင် ပိတ်မိနေသော သတ္တုတွင်းလုပ်သား ၃၃ ဦး၏ နောက်ဆုံးအခြေအနေ၊ ဒီအင်န်အေစစ်ဆေးချက်များအရ ဟစ်တလာသည် သူအလွန်မုန်းတီးသော ဂျူးနှင့် အာဖရိကန်တို့မှ ဆင်းသက်လာကြောင်းတွေ့ရှိ၊ အရေပြားဆဲလ်မှနေ၍ အသည်းအဖြစ် ဖန်တီးနိုင်ပြီ၊ ဇက်တီးရီးယားများသည် အာကာသစခန်းပြင်ပ အာကာသထဲ၌ ၅၅၃ ရက်ကြာ အသက်ရှင်လျက်ရှိ၊ မက္ကဆီကိုပင်လယ်ကွေ့၌ ဖိတ်လျှံကျနေသည့် ရေနံများ ထူးဆန်းစွာပျောက်ကွယ်သွားရခြင်းမှာ..၊ ဗြိတိန်ဝန်ကြီးချုပ်ဟောင်းက တစ်ကြိမ်လျှင် ဒေါ်လာတစ်သိန်းနှုန်းဖြင့် မိန့်ခွန်းပြောမည်၊ သမ္မတဟောင်းဂျင်မီကာတာ၏ ကြိုးပမ်းမှုကြောင့် အဖမ်းခံအမေရိကန်နိုင်ငံသားတစ်ဦး မြောက်ကိုရီးယားမှ လွတ်မြောက်၊ အလွန်နိမ့်စွာပျံသန်းသွားသည့် တိုက်လေယာဉ်နှစ်စင်းကြောင့် သူ၏ ကြက်အကောင် ၄၈၀၀ သေဆုံးခဲ့သည်ဟုဆိုကာ ပြင်သစ်လယ်သမားက ကာကွယ်ရေးဝန်ကြီးဌာနကို တရားစွဲ၊ အထွေထွေကျန်းမာရေးစစ်ဆေးမှုများ တစ်ထိုင်တည်း ပြုလုပ်ပေးနိုင်မည့် အိမ်သာတီထွင်၊ ဇန်ကောက်လေဆိပ်၌ ခရီးဆောင်အိတ်ထဲကျားအရှင်တစ်ကောင်ထည့်၍ သယ်လာသူကို ဖမ်းဆီးရမိ၊ အင်ဒိုနီးရှား၌ မီးတောင်ကြီးပေါက်ကွဲ၊ ဘရာဇီးတွင် မီးမုန်တိုင်းတိုက်ခတ်၊ အင်ဒိုနီးရှား၌ ခြေလေးချောင်းနှင့်ငါးကိုတွေ့ရှိ စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး ဇူလိုင် ၂၄ရက်က ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသည့် ဆည်ကြီးကုန်းကျေးရွာ နှစ်လက်မ စက်ရေတွင်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဟန်ရှိန်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ပဋ္ဌာန်းဒေသနာတော်(သို့) ဘဝ၏စွမ်းရည်သတ္တိ** တရားတော်(၃) (ဆရာတော်အရှင်ဇောတိက)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၅)
၈:၄၀	Activities in the City (INAX ၏ (၅)နှစ်မြောက် အခမ်းအနား)
၈:၅၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ဖောက်စား** ဗီဒီယိုရိုက်ကွင်း
၉:၀၅	ညောင်ဇင်ရွာတစ်ထောက်နားစားဖွယ်ကများ
၉:၂၀	ကုသိုလ်ယူဆင်ကာန္တ.... မော်ကျွန်းမြို့ရဲ့အလှူပွဲ
၉:၃၀	အားကစားမြင်ကွင်းစုံ (Rဇာနည်၊ အရိုး၊ မြတ်သူရ)
၉:၅၅	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၀:၀၀	Industrial Talk
၁၀:၃၀	ဓာတ်ပုံထဲမှအမှတ်တရများ (လင်းလက်ဟိန်း)
၁၁:၀၀	သင်ယူလေ့လာဂီတပညာ (Introduction)
၁၁:၃၀	**အဖြူရောင်ဆေးစက်** လူမင်း၊ ရီဝေယံ၊ ထွန်းအိန္ဒြာဗို၊ သဇင် (ဒါရိုက်တာ-ညွှန့်မြန်မာညီညီအောင်)
၁:၀၀	**ပဋ္ဌာန်းဒေသနာတော်(သို့) ဘဝ၏စွမ်းရည်သတ္တိ** တရားတော်(၃) (ဆရာတော်အရှင်ဇောတိက)
၂:၀၀	MRTV-4 သတင်း
၂:၂၀	စကားနပန်း (စပ်စုတာကောင်းတယ်၊ မစပ်စုတာကောင်းတယ်)
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၅)
၄:၄၀	ရန်ကုန်မြင်ကွင်းကျယ် (Unique Study Abroad ပညာရေးဟောပြောပွဲ)
၅:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	သင်ကြားရေးလမ်းညွှန် (EXCELLENT Photo, Video Editing သင်တန်း)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁)
၇:၁၅	နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကုက္ကိုင်းရိပ်သာလမ်းက မုန်အိမ်ကလေး)
၇:၄၀	နယဉ်ဆန်းထွင် သစ်သီးအလှဆင် (အကြော်ပွဲအလှဆင်နည်း)
၈:၀၀	MRTV-4 သတင်း
၈:၃၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဇော်မင်းလေး)
၉:၁၅	Shooting Making **အချစ်သည် ပညာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်သည်** ဇာတ်ကားရိုက်ကွင်း
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၅)
၁၀:၀၅	**ရွှေအိုး** ရဝေအောင်၊ မင်းဟိန်း၊ မျိုးသန္တာထွန်း၊ ချောရတနာ၊ ဝင်းထွန်းထွန်း
၁၁:၃၅	ပတ္တမြားမြေပေါ်မှ သိင်္ဂါရောင်မြင်ကွင်းများ
၁၁:၅၀	Activities in the City (INAX ၏ (၅)နှစ်မြောက်အခမ်းအနား)
၁၂:၀၀	ဒစ်ဂျစ်တယ်ကတ္တားအစ စီထွာက
၁၂:၂၀	World of Knowledge (Megastructures: Petronus Towers)
၁:၀၅	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (လူမိုက်နှင့်ကင်း ချမ်းသာခြင်း)
၁:၁၅	**အကယ်၍သာ** မျိုးသန္တာထွန်း၊ ချစ်စနိုးဦး (ဒါရိုက်တာ-ညွှန့်မြန်မာညီညီအောင်)
၁:၃၀	ကုသိုလ်ယူဆင်ကာန္တ....မော်ကျွန်းမြို့ရဲ့အလှူပွဲ
၁:၄၀	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁:၄၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ဖောက်စား** ဗီဒီယိုရိုက်ကွင်း
၂:၀၀	ရန်ကုန်မြင်ကွင်းကျယ် (Unique Study Abroad ပညာရေးဟောပြောပွဲ)
၂:၂၅	Industrial Talk
၂:၅၅	Shooting Making **အချစ်သည် ပညာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည်** ဇာတ်ကားရိုက်ကွင်း
၃:၀၅	ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်မှုအန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
၃:၃၅	စွဲမက်ဖွယ်ရာ ရတနာ (လင်းလက်တောက်ပ ဂေါမိတ်အလှ)
၅:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

1-9 (10).pmd 1 9/1/2010, 3:17 AM

ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ
ဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၃၁

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဩဂုတ် ၂၉ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ဒေသန္တရကျန်းမာရေးဌာန၌ မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သွားရောက်ကြည့်ရှုအားပေးသည်။ (ဝဲပုံ)

ထို့နောက် ဝန်ကြီးသည် ကျန်းမာရေး စောင့်ရှောက်မှုခံယူနေကြသော ကိုယ်ဝန်ဆောင်မိခင်များအား တွေ့ဆုံအားပေးကာ လိုအပ်သောဆေးဝါးနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မြန်မာနိုင်ငံအား မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါ လျော့နည်းပပျောက်သောနိုင်ငံအဖြစ် အသိအမှတ်ပြုပြီးဖြစ်ရာ ယင်းအောင်မြင်မှု အခြေအနေများကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော ကိုယ်ဝန်ဆောင် မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုး အစီအစဉ် ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး ခဲ့သည်။

ထောက်ပံ့ပေး

ယင်းနောက် ဝန်ကြီးသည် မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ပြည်သူလူထု အခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက် ကြည့်ရှု၍ နာတာရှည်ဝေဒနာရှင်များနှင့် မိသားစုဝင်များအား အားပေးစကားပြောကြားခဲ့ပြီး လိုအပ်သောဆေးဝါးနှင့် အာဟာရများ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း တွံတေးမြို့နယ်၌ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေး မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ဩဂုတ် ၃၀ ရက် နံနက်စနာရီခွဲက တွံတေး မြို့နယ်သာသနာ့ဗိမာန်၌ မဲရုံမှူး၊ ဒုတိယ မဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဖွင့်လှစ်ပို့ချသည်။

ပြန်လည်ဖြေကြား

အဆိုပါ အခမ်းအနားတွင် အခမ်းအနား မှူးအဖြစ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသက်ဦးက ဆောင်ရွက်ပြီး ရန်ကုန်တောင် ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် နယ်မြေ တာဝန်ခံ ဦးအေးသောင်းနှင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်ညွန့်တို့က အမှာစကားပြောကြားကြသည်။ ယင်း နောက် မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် များဖြစ်ကြသော ဦးမြင့်ဝင်းနှင့် ဦးခင်မောင် ကျော်တို့က မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံ အဖွဲ့ဝင်များ၏ လုပ်ငန်းညွှန်ကြားမှုများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာ ကြသူ သင်တန်းသား သင်တန်းသူများက သိလိုသောအချက်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ သည်။

ထို့နောက် မဲရုံ သရုပ်ပြခြင်းကို လက်တွေ့ပြသခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၇၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်း ဒဂုံမြို့နယ်၌ ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်း ခရိုင် ဒဂုံမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော မဲရုံမှူး၊ ဒုတိယ မဲရုံ မှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို ဩဂုတ်၂၉ရက် နံနက် ၈နာရီက အထက(၂) ဒဂုံ ဦးဘလွင်ခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြတ်အေးက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပို့ချ

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမြင့်စိုးက မဲရုံမှူးများ၏ လုပ်ငန်း တာဝန်များကိုလည်းကောင်း၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ဒုတိယမဲရုံမှူးလုပ်ငန်း တာဝန်များကို လည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းမြင့်က မဲစာရင်းစစ်ဆေးသူနှင့် မဲလက်မှတ်ထုတ်ပေးသူများ၏ လုပ်ငန်း တာဝန်များကိုလည်းကောင်း၊ မြို့နယ်အဖွဲ့ ခွဲဝင် ဦးနေဝင်းက မဲရုံလုံခြုံရေးဆောင်ရွက် သူများ၏လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ မြို့နယ် ဥပဒေအရာရှိ ဒေါ်မြင့်မြင့်ဆွေက ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း ရှင်းလင်းပို့ချသည်။

ထို့နောက် တက်ရောက်လာကြသော သင်တန်းသားများက ဆွေးနွေးမေးမြန်း သည်များကို မြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ပြန်လည်ဖြေကြား၍ မဲရုံ သရုပ်ပြခြင်း အစီအစဉ်ဖြင့် ရှင်းလင်းခဲ့ ကြောင်း သိရသည်။ **(၀၉၉)**

မြန်အောင်မြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

မြန်အောင် ဩဂုတ် ၃၁

မြန်အောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၂၀ရက် ညနေပိုင်းက မြန်အောင်မြို့ မြို့နယ်အားကစားကွင်း၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူ၊ မြို့နယ်အား/ကာဦးစီးအရာရှိ ဦးသိုင်းထွန်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဘောလုံးဆပ်ကော်မတီဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘောလုံး အသင်းများ တက်ရောက်ကြသည်။

ပါဝင်ယှဉ်ပြိုင်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးအေးကြူက အမှာစကားပြောကြားပြီး **(အောက်ပုံ)** ဖွင့်ပွဲအခမ်းအနားတွင် အမှတ်(၁)ရပ်ကွက် ဘောလုံးအသင်းနှင့် အမှတ်(၄)ရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ဘောလုံးပြိုင်ပွဲသို့ ရပ်ကွက်နှင့် ကျေးရွာများမှ ဘောလုံးအသင်း ၁၂သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ **(မြို့နယ် အား/ကာ)**

မြေတိုင်းပစ္စည်းများ မိတ်ဆက်ပွဲ ကျင်းပမည်

TOPCON

နေပြည်တော် ဩဂုတ် ၃၁

Concordia Int'l Co., Ltd. က တင်သွင်းဖြန့်ဖြူးသော နောက်ဆုံးပေါ် နည်းပညာအရည်အသွေးမြင့် Japan နိုင်ငံထုတ် Topcon အမှတ်တံဆိပ် (RTK) စနစ်သုံး DGPS များ၊ Geodetic Total Station များ၊ GIS လုပ်ငန်းသုံးလက်ကိုင် GPS များ၊ Digital Theodolite များအပြင် Civilcad Software များ အကြောင်းနှင့် အခြား မြေတိုင်းပစ္စည်းများ အကြောင်း မိတ်ဆက်ရှင်းလင်းပွဲကို စက်တင်ဘာ ၄ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာ နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ပထမထပ်၌ ကျင်းပမည်ဖြစ်သည်။

Topcon အမှတ်တံဆိပ် GPT 7500 Series သည် Reflector မပါဘဲ လူသွားလူလာရန် ခက်ခဲသောနေရာများ၊ အဆောက်အအုံများ၊ ရေကာတာများ၊ ရေ လယ်တိုင်နေရာများကို တိုင်းတာနိုင်ခြင်း၊ Touch Screen ပါခြင်း၊ USB Key ဖြင့် တိုင်းတာပြီး Data များကို Download / Upload ပြုလုပ်နိုင်ခြင်း၊ GTS-235 N မှာလည်း တိုင်းတာသည့် အမှတ် ၂၄၀၀၀ တိုင်းတာနိုင်သည့်အပြင် Single Prism ဖြင့် နှစ်မိုင်ပတ်လည်ရှိ အရာဝတ္ထု များ၏ ကိုသြဒိနိတ်နှင့် အကွာအဝေးကို တိုင်းတာနိုင်ခြင်း၊ New Road Software ပါရှိခြင်းကြောင့် လမ်းအူကြောင်း တိုင်းတာမှုတွင် အလွန်အသုံးဝင်သော ပစ္စည်းဖြစ်ခြင်း၊ Total Station အမျိုး အစားတစ်ခုဖြစ်သော TKS- 202 မှာ ဈေးနှုန်းသက်သာခြင်း၊ ဘက်ထရီ အစား နှုန်း သက်သာခြင်း၊ Single Prism ဖြင့် ပေ ၆၀၀၀ တိုင်းတာနိုင်ပြီး အိမ်နီးချင်း နိုင်ငံများတွင် လူကြိုက်များသော Topcon နည်းပညာလုပ် Total Station ဖြစ်သည်။

ရေးဆွဲပေးနိုင်

Topcon အမှတ်တံဆိပ် Civilcad Software သည် ကိုသြဒိနိတ်အမှတ်များကို အခြေခံ၍ ကွန်တိုရေးဆွဲခြင်း၊ Cross Section ရေးဆွဲခြင်း၊ Volume Calculation တွက်ပေးခြင်း ဒီဇိုင်း လုပ်ငန်းများကို အချိန်တိုအတွင်း ရေးဆွဲပေးနိုင်သည်။

ယင်းမြေတိုင်းပစ္စည်းများသည် မြန်မာ နိုင်ငံ ရာသီဥတုနှင့် ကိုက်ညီသည့် ရေစိုခံ ခြင်း၊ ဖုန်နှင့်သဲဒဏ် ခံနိုင်ခြင်းကြောင့် အလွန်ခံနိုင်ရည်မြင့်မားသော ပစ္စည်းများ ဖြစ်ပြီး စက်အားလုံးအတွက် တစ်နှစ်အာမခံ ပေးထားသည့်အပြင် Service Center များကို ရန်ကုန်တွင် ရွှေဂုံပလာဇာ ကမ္ဘာအေး စေတီလမ်း ဗဟန်းမြို့နယ် ဖုန်း- ၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆၊ ၇၃၀၀၉၂၂၃၊ ၇၃၀၀၉၂၁၇နှင့် ၀၉-၅၀၀၅၉၁၂၊ Fax - ၅၄၄၁၉၉၊ မန္တလေးတွင် SY အဆောက်အအုံ လမ်း (၃၀) (၇၇)လမ်းနှင့် (၇၈)လမ်းကြား ချမ်းအေး သာစံမြို့နယ် ဖုန်း-၀၂-၃၆၄၂၈၊ ၆၉၃၀၃ နှင့် ၀၉-၅၀၆၇၁၇၂) နေပြည်တော်တွင် အမှတ်၁၄၄ သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၁၈၉၊ ၄၂၁၃၆၂၊ ၀၉-၄၉၂၀၀၉၅၁နှင့် ၀၉-၄၉၂၀၀၉၅၂တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖြူးမြို့အဝင်ဆိုင်းဘုတ် မြေယာရှုခင်းအလှပြုပြင်ခြင်းဆောင်ရွက်နေမှုကို ဩဂုတ်၇ရက်က အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့ ကြီးကြပ်ဆောင်ရွက်ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်တင်ဌေးဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနယူးစ်ဝိခ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၃၁

အမျိုးသမီးများကို ပြည်ပသို့ တရားမဝင် ပို့ဆောင်ရန်အတွက် သင်တန်းဖန်းပြ လုပ်ကိုင်သူများနဲ့ ပွဲစားများကို သတိထားသင့်၊ ကမ္ဘာ့နာမည်ကြီးကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံတွင်ဆောက်လုပ်ရေးလုပ်ငန်း များ ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင် စား၊ လိုင်စင်မဲ့ကား အခွန်ဆောင်ရာတွင် ကြုံတွေ့ရသောအခက်အခဲများ သတင်းပါရှိ သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၃)ကို ဖြန့်ချိလိုက်သည်။

ကားဈေးကွက်သစ်ဖွင့်လာသည့် ထိုင်း ကုမ္ပဏီများ၊ GSM, CDMA 800 MHz, CDMA 450 MHz တယ်လီဖုန်းများကို မူလသတ်မှတ်ထားသည့်ဈေးနှုန်းများထက် လျော့နည်း၍ ငှားရမ်းသွားရန် စီစဉ်နေ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဆက်သွယ်မှု ခက်ခဲသောဒေသများ၌ တပ်ဆင်ပေးခဲ့သော ကြိုးမဲ့ဖုန်းများကို အများပြည်သူစိတ်ဝင်စား၊ လူကုန်ကူးခံရသူများသည် လူကုန်ကူးသူများအဖြစ်ပြောင်းလဲ၊ နိုင်ငံခြားကို ပညာသွားသင်ချင်တာ ဘာရည်ရွယ်ချက်လဲ ဘယ်နိုင်ငံကို သွားချင်လဲ လေ့လာပါ၊ Google က G-mail အတွင်း ဖုန်းခေါ်နိုင်တဲ့ ဝန်ဆောင်မှုအသစ်စတင်၊ Ruby Mart Shopping Center မကြာမီဖွင့်မည်၊ ရန်ကုန်-မန္တလေး ကွန်ကရစ် အမြန်လမ်းမကြီး အောက်တိုဘာလတွင် ဖွင့်လှစ်သွားမည်၊ ရေနံတင်ပို့မည့် ပိုက်လိုင်းသုံးခု တည်ဆောက်ရန် CNPC က ပြင်ဆင်၊ ရန်ကုန်မြို့ရှိ စက်မှုဇုန်များ ဆိုလာလမ်းမီးတိုင်များတပ်ဆင်ရန် စိတ်ဝင်စားလာ၊ စင်ကာပူနိုင်ငံမှ လုပ်သားတစ်သိန်းကျော် ခေါ်ယူမည်၊ ဖျော်ဖြေရေး အားကစားနှင့် သတင်းအချက် အလက်များပါဝင်မည့် နိုင်ငံတကာအဆင့် ဝက်ဘ်ပေါ်တယ် တည်ဆောက်ရန်စီစဉ်၊ မလေးရှားနိုင်ငံတွင် ဥပဒေနဲ့အညီ ဆောင်ရွက်ခြင်းမရှိသည့် ရွှေ့ပြောင်းအလုပ်သမားများကို တင်းကျပ်စွာ အရေးယူဆောင်ရွက်လျက်ရှိ၊ အိန္ဒိယရေနံကုမ္ပဏီနှစ်ခုက မြန်မာ့ပင်လယ်ပြင်မှ အက်ဆာအုပ်စု၏ လုပ်ပိုင်ခွင့်အချို့ကို ဝယ်ယူရန်ဆွေးနွေး၊ ပင်တဂွန်၏ ဆိုက်ဘာ လုံခြုံရေးစီမံကိန်း၊ အမေရိကန် စစ်ဘက်က စက်ရုပ် ဒုံးကျည်များဖြင့် လျှို့ဝှက်စွာ တိုက်ခိုက်ရန်ကြံစည်၊ အီရန်မောင်းသူမဲ့ ဗုံးကြဲလေယာဉ်များက ချူကလီးယားစက်ရုံကို ကာကွယ်မည်၊ အာဖဂန်တွင် အမေရိကန် စစ်စခန်းတိုးချဲ့မှုက အီရန်နိုင်ငံကို ရည်ရွယ်ထားသလားစသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိထားပြီးဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

*** ကျောဖုံးမှ**

အေးသာယာ ရေလွှဲဆည်သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာအုပ်စု အေးသာယာကျေးရွာအနီး၌တည်ရှိသည်။ ပျော်ဘွယ်မြို့နယ်နှင့် ၁၂မိုင်ကွာဝေးသည်။ ယခင်က ဒေသခံကျေးရွာများက ကိုယ့်အားကိုယ်ကိုးကာ သဲအိတ်များချ၍ သစ်ရိုက်သဲဖြည့်ဆည်အဖြစ်ပြုလုပ်ပြီး မြင်းကျချောင်းရေများကို လယ်မြေများဆီသို့ လွှဲယူခဲ့ကြသည်။ မိုးသည်းထန်စွာရွာသွန်းပြီး မြင်းကျချောင်းရေများ တစ်ဟုန်ထိုးစီးဆင်းမှုနှင့် ရေထိန်းတံခါးမရှိခြင်း၊ ရေပေးမြောင်းအားနည်းခြင်းတို့ကြောင့် ရေလွှဲဆည် ကျိုးပေါက်ပျက်စီးကာ တစ်နှစ်လျှင် သုံးလေးကြိမ်ပြုပြင်၍ စိုက်ပျိုးရေကို ခက်ခဲစွာ ရယူစိုက်ပျိုးခဲ့ကြရသည်။ ယခုအခါ ဆည်မြောင်းဦးစီးဌာန (ထိန်းသိမ်းရေး)မှ ရေစီးတူးမြောင်းများ ချဲ့ထွင်တူးဖော်ခြင်း၊ ရေတံခါးတည်ဆောက်ခြင်းနှင့် အခိုင်အမာ ကွန်ကရစ်ရေလွှဲဆည်များ တည်ဆောက်ပေးခြင်းတို့ကြောင့် ဒေသခံတောင်သူများ ပျော်ရွှင်ဝမ်းမြောက်နေကြပြီ ဖြစ်သည်။

အကျိုးပြုနိုင်

အေးသာယာရေလွှဲဆည်သို့ရောက်ရှိခဲ့ရာ တည်ဆောက်ရေးတာဝန်ခံ ဦးစီးအရာရှိ ဦးတလန်ကြားနှင့် တွေ့ဆုံကာ အေးသာယာရေလွှဲဆည် တည်ဆောက်ထားမှုကိုမေးမြန်းခဲ့သည်။ "အေးသာယာ ရေလွှဲဆည်ကို ၂၀-၁၂-၂၀၀၉ရက်တွင်

"ကျေးရွာငါးရွာမှ လယ်မြေဧက ၄၅၀ကို မိုးစပါးအောင်ရေဖြည့်စွက်ရေပေးဝေနိုင်မှာ ဖြစ်ပါတယ်။"
ဦးတလန်ကြား (ဦးစီးအရာရှိ)
ရေလွှဲဆည်တာဝန်ခံ
ဆည်မြောင်းဦးစီးဌာန။

စတင်ပြုပြင်တည်ဆောက်ခဲ့ရာ ၁၈-၃-၂၀၁၀ရက်တွင် ပြီးစီး၍ အချိန်သုံးလခန့်သာ ကြာမြင့်ကြောင်း၊ ရေလွှဲဆည်မှ ရေယိုစိမ့်မှု မရှိစေရန်အတွက် သံမဏိပြား (Stell Sheet Pile) ကို ရိုက်သွင်းတည်ဆောက်ထားကြောင်း ရေလွှဲဆည် ခိုင်ခံ့မှု ရှိစေရန် ကျောက်စီကွန်ကရစ် အကျယ် ပေ၆၀နှင့် အမြင့် ၉ပေ အထိ တိုးချဲ့ တည်ဆောက်ပေးထားကြောင်း၊ ကျေးရွာ ငါးရွာမှ လယ်မြေဧက ၄၅၀ကို မိုးစပါးအောင်ရေ ဖြည့်စွက်ရေပေးဝေနိုင်မည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း" ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ပျော်ဘွယ်တစ်မြို့နယ်လုံးရှိ ပျက်စီးနေတဲ့ ဆည်ငယ်၊ ကန်ငယ်တွေ ပြုပြင်ပေးလို့ အထူးကျေးဇူးတင်ပါတယ်။"
ဦးသိန်းစိုး(တောင်သူ)
ရွာသစ်ကလေးကျေးရွာ။

အခိုင်အခံ့

အေးသာယာရေလွှဲဆည်တွင် လှေလာနေခိုက် အေးသာယာကျေးရွာနေ အသက် ၇၇နှစ်ရှိ တောင်သူ ဦးချစ်လှနှင့် အသက် ၅၃နှစ်ရှိ တောင်သူ ဦးအောင်မြင့်တို့ ရောက်ရှိလာသဖြင့် သိလိုသည့် အချက်များကို မေးမြန်းခဲ့သည်။ "နှစ်ဦးပေါင်း လယ် ၁၅ဧက စိုက်ပါတယ်၊ မိုးကောင်းရင်တော့ စပါး ငါးဧကလောက်စိုက်ပြီး ကျန်တာကို ကုလားပဲစိုက်တယ်။ အခုလို ဆည်ရေရရင်တော့ ၁၅ဧကစလုံး မိုးစပါး အပြည့် စိုက်ပါမယ်။ စပါးက ရေရမှ စိုက်လို့ရမှာ။ အရင်ကသဲအိတ်တွေချထားပြီး ရေလွှဲဆည်လုပ်ထားပေမယ့် ရေကြီးတော့ ပါသွားရော၊ ဆည်လည်း ကျိုးသွားတယ်။ အခု ဒီဆည်က အခိုင်အခံ့ဆိုတော့လည်း လယ်သမားတွေ ကံကောင်းတာပေါ့ဗျာ"ဟု ၎င်းတို့က ဝမ်းပန်းတသာပြောဆိုကြသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် အေးသာယာရေလွှဲဆည်မှ လက်ဆည်ကန်သို့ ခရီးဆက်ခဲ့ပြန်သည်။ လက်ဆည်ကန်မှာ

"ပျက်စီးနေတဲ့ ဦးမင်းနိုင်ကန်ကြီး ပြင်ပေးလို့ ကျေးဇူးတင်ပါတယ်။"
ဦးစိုးမြင့်(တောင်သူ)
အောင်မင်္ဂလာကျေးရွာအုပ်စု။

ပျော်ဘွယ်မြို့နယ် ယာကြီးကျေးရွာအုပ်စု ရွာသစ်ကလေးကျေးရွာ အနီး၌ရှိသည်။ ဒေသခံများက လူအား၊ လက်အားဖြင့် ဆည်သဖွယ် တည်ဆောက်ခဲ့ခြင်းကြောင့် လက်ဆည်ကန်ဟု အမည်တွင်ကြောင်း ဒေသခံများက ပြောကြားသည်။ နှစ်ပေါင်း ၁၀၀ကျော်က တည်ဆောက်ထားခြင်းဟု ခန့်မှန်းထားခဲ့သော လက်ဆည်ကန်မှာ မြေသားပေါင် နိမ့်ကျပြီး ကန်ပေါင် ကျိုးပေါက်ပျက်စီးနေမှုကြောင့် ဆည်မြောင်းဦးစီးဌာနက ပြန်လည်ပြုပြင်ပေးခြင်းဖြစ်သည်။ ရေပိုလွှဲနှင့် ရေထိန်း၊ ရေပေးတံခါးရွက်များလည်း ပျက်စီးချွတ်ယွင်းနေမှုကြောင့် ကန်ပေါင် အားဖြည့်ကာ ရေပိုလွှဲနှင့် ရေတံခါးရွက်များ ပြန်လည်ပြုပြင်ပေးခဲ့သည်။ ကန်ပေါင် အလျားမှာ ပေ ၃၅၀၀ရှိပြီး ကန်ပေါင်အမြင့်မှာ ၁၀ပေရှိ၍ ကန်ပေါင်ထိပ်မျက်နှာပြင် အကျယ်ကို ၁၂ပေအထိ အခိုင်အခံ့ ထုထည်ဖြင့် တည်ဆောက်ပေးထားသည်။ လက်ဆည် ကန်ကြီးရေလျှံ၍ မကျိုးမပေါက်စေရန် ရေပိုလွှဲကို အကျယ် ၂၅ပေ၊ အလျား ၃၅ပေရှိ ကျောက်စီပန်းရံ အမျိုးအစား တည်ဆောက်ပေးထားသည်။ အလျားပေ ၅၀ရှိ နှစ်ပေပတ်လည် ကွန်ကရစ် ရေထုတ်ပြွန်တစ်ခု ပါဝင်သည်။ ငွေကျပ် ၃၇ ဒသမ ၄၄ သန်း ကုန်ကျပြီး အချိန်နှစ်လနှင့် ပြုပြင်ပြီးစီးခဲ့သည်။ လယ်မြေဧက ၄၅၀ အတွက် စိုက်ပျိုးရေနှင့် ကျွဲ၊ နွားသောက်သုံးရေ ပေးဝေနိုင်ကြောင်း သိရသည်။

ကျေးဇူးတင်

လက်ဆည်ကန်အနီးဖြတ်သွားသည့် ရွာသစ်ကလေးကျေးရွာသား တောင်သူ ဦးသိန်းစိုးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ အရင်က "လယ်ခုနစ်ဧက ရှိပေမယ့် စပါးနည်းနည်းစိုက်နိုင်ပြီး နှမ်းနဲ့ ပဲတီစိမ်းကို ပိုစိုက်ခဲ့ရသည်။ အခု လက်ဆည်ကန်ကြီးပြုပြင်ပြီးလို့ ဆည်ရေရရင်တော့ စပါးကို အဓိကထားပြီး စိုက်ပါ့မယ်၊ ပျက်စီးနေတဲ့ ဆည်ငယ်၊ ကန်ငယ်တွေ ပြုပြင်ပေးလို့ အထူးကျေးဇူးတင်ပါတယ်"ဟု ကျေးဇူးတင်စကားပြောကြားသည်။

နှစ်စဉ် မိုးရေချိန်လက်မ ပျမ်းမျှ ၃၂လက်မသာရွာသွန်းပြီး မိုးနည်းဒေသဖြစ်သော ပျော်ဘွယ်မြို့တွင် စိုက်ပျိုးရေ၊ သောက်သုံးရေနှင့် ကျွဲ၊ နွားသောက်သုံးရေများပါ ရရှိရေးအတွက် နှစ်ပေါင်းများစွာက ဒေသခံများ တူးဖော်ခဲ့သော ဆည်ငယ်၊ ကန်ငယ်များ ပျက်စီးချွတ်ယွင်းမှုကို ပြန်လည်ပြုပြင် ပြင်ဆင်တူးဖော်ပေးသော နိုင်ငံတော်၏ စေတနာကို ပြည်သူအပေါင်းတို့က သိရှိနားလည်ပြီး ကျေနပ်ဝမ်းမြောက် ပီတိဖြစ်နေသည်ကို မြင်တွေ့ခဲ့ရပါကြောင်း သတင်းခရီးတစ်ထောက် ရေးသားတင်ပြအပ်ပါသည်။ ။

(မြန်မာ့အလင်း)

လယ်မြေဧက ၄၅၀ကို စိုက်ပျိုးရေပေးဝေမည့် ရေပေးမြောင်းကြီးကို စက်ယန္တရားဖြင့် တူးဖော်ထားပြီး တွေ့ရစဉ်။

ပါလက်စတိုင်းနှင့် အစ္စရေးတို့၏ တိုက်ရိုက်ဆွေးနွေးပွဲမှသည် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးရောင်ခြည်ဦးဆီသို့

သတင်းမှတ်စု - တိုးရေးသားသည်

ရှည်ကြာသော အရှေ့အလယ်ပိုင်းပဋိပက္ခ၌ အခရာကျသည့် အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား စက်တင်ဘာလတွင် တိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးမှု ပြန်စရန်နှင့် နှစ်ဖက်စလုံးက သဘောတူညီလိုက်ကြပြီ ဖြစ်သည်။ ထိုငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးပွဲမှာ ၂၀၀၈ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း လပေါင်း ၂၀အတွင်း ပထမဆုံးသော တိုက်ရိုက်ဆွေးနွေးပွဲ ဖြစ်လိမ့်မည်။

ငြိမ်းချမ်းရေးအတွက် ပါလက်စတိုင်းနှင့် အစ္စရေးတို့ တိုက်ရိုက်ဆွေးနွေးပွဲများ ပြုလုပ်ခြင်းမှာ လုပ်ရိုး လုပ်စဉ်ဖြစ်သည်။ သို့သော် ဤတစ်ကြိမ်တွင်မူ တစ်ဖက်နှင့် တစ်ဖက် ဒူးတိုက်ဆွေးနွေးစေရန် အမေရိကန်နိုင်ငံက လပေါင်းများစွာ သံတမန်လွန်းပြန်ခရီးဖြင့် စေ့စပ်ယူခဲ့ရသည်။

တောင်းဆို

စက်တင်ဘာလ ၂ရက်နေ့ ဆွေးနွေးပွဲစတင်ရန် ဝါရှင်တန်သို့ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့ကို ဖိတ်ကြားထားသည်။ ဆွေးနွေးပွဲကို တစ်နှစ်တာအချိန်ကန့်သတ်ရန် နှစ်ဖက်စလုံးက သဘောတူသည်။ ဒူးတိုက်ဆွေးနွေးရေးအတွက် ကြိုတင်စည်းကမ်းကန့်သတ်ချက်မထားရန် အစ္စရေးဝန်ကြီးချုပ်က အခိုင်အမာရပ်တည်သည်။ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ကလည်း အနာဂတ် ပါလက်စတိုင်းနိုင်ငံ နယ်နိမိတ်များကို ၁၉၆၇ခုနှစ် အပစ်ရပ်စဲရေး မျဉ်းကြောင်းများကို အခြေခံရမည်ဖြစ်ပြီး အနောက်ဘက်ကမ်း၌ အစ္စရေးတို့ ရပ်ကွက်ထူထောင် အိမ်ရာတည်ဆောက်မှုကို လုံးဝရပ်စဲရမည်ဟုလည်း တောင်းဆိုထားသည်။

တိုက်ရိုက်ဆွေးနွေးပွဲက အလုံးစုံ အကျုံးဝင်ပြေလည်မည့် အလားအလာမှာ နည်းပါးနေသည်။ အတိမ်းအစောင်းမခံသည့် အရေးကိစ္စများတွင် နှစ်ဖက်သဘောထားကွဲနေခြင်းကြောင့်ဖြစ်သည်ဟု သုံးသပ်ဝေဖန်သူများက ပြောဆိုနေကြသည်။ ထိုအရေးကိစ္စများတွင် ၁၉၆၇ခုနှစ်ကတည်းက အသိမ်းပိုက်ခံ အနောက်ဘက်ကမ်းနှင့် အရှေ့ဂျေရုဆလင်တို့၌ ရဟူဒီ ၅၀၀၀၀၀ နီးပါးတို့ ဝင်ရောက်အခြေချမှု၊ ဂျေရုဆလင်မြို့၏ အနေအထား၊ အနာဂတ် ပါလက်စတိုင်းနိုင်ငံ၏ နယ်နိမိတ်များနှင့် ပြန်လာခွင့် စသည့်ပြဿနာများ ပါဝင်သည်။

ဖိတ်ကြားထား

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကြိုးပမ်းမှုတွင် အဓိကအခန်းမှပါဝင်ကြသည့် အီဂျစ်သမ္မတ မူဘာရက်၊ ဂျော်ဒန်ဘုရင် အဗ္ဗဒူလာတို့ကိုလည်းကောင်း၊ အရှေ့အလယ်ပိုင်းဆိုင်ရာ လေးပွင့်ဆိုင် (အမေရိကန်၊ ကုလသမဂ္ဂ၊ အီးယူနှင့် ရုရှား) အထူးကိုယ်စားလှယ် တိုနီဘလဲကိုလည်းကောင်း အမေရိကန်သမ္မတ အိုဘားမားက ဖိတ်ကြားထားသည်။

၂၀၁၀ခုနှစ် စက်တင်ဘာလ ၁ရက်နေ့တွင် သမ္မတ အိုဘားမားက သမ္မတ မာမွတ်အဘတ်စ်၊ ဝန်ကြီးချုပ် နေတန်ယာဟု၊ ဘုရင် အဗ္ဗဒူလာ၊ သမ္မတ မူဘာရက်တို့ လေးဦးနှင့်တွေ့ဆုံပြီး ညစာ အတူသုံးဆောင်ကြမည်။

နောက်တစ်နေ့ စက်တင်ဘာလ ၂ရက်တွင် အမေရိကန်နိုင်ငံခြားရေးဌာန၌ နိုင်ငံခြားရေးဝန်ကြီး မစ္စကလင်တန်၊ မစ္စတာ မာမွတ်အဘတ်စ်နှင့် ဝန်ကြီးချုပ် နေတန်ယာဟုတို့သုံးဦးက တိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်ကြမည် ဖြစ်သည်။ နိုင်ငံရေးလုပ်ငန်းစဉ် မအောင်မြင်မှုနောက်ပိုင်းတွင် လက်နက်စွဲကိုင် အကြမ်းဖက်လာနိုင်သည်ကို စိုးရိမ်ကြရစမြဲဖြစ်သည်။ ရုတ်တရက် ပေါက်ကွဲနိုင်သည့် ထိုဒေသ၌ လက်ဘနွန်နိုင်ငံမှ ဟစ်ဇ်ဘိုလာနှင့် အစ္စရေးတို့အကြား သို့မဟုတ် ဂါဇာမှ ဟားမတ်စ်နှင့် အစ္စရေးတို့အကြား စစ်မီးက ငြိမ်းချမ်းရေးကြိုးပမ်းမှုကို အချိန်မရွေး ဖျက်ဆီးပစ်နိုင်ကြောင်း သတိပြုရမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် တိုက်ရိုက်ဆွေးနွေးပွဲ အောင်မြင်ရန် ငြိမ်းချမ်းရေးမြတ်နိုးသူများက လိုလားလျက်ရှိကြသည်။ အဆိုပါ ဆွေးနွေးပွဲသည်ကား အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး၏ ရောင်ခြည်ဦးပင် ဖြစ်တော့သည်။ ။

ကိုးကား-အင်တာနက်

သောင်းကျန်းသူများထောင်ထားသည့် မိုင်းများနင်းမိသဖြင့် ၂၀၁၀ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ကိုးဦးသေဆုံးပြီး ၅၂ဦး ဒဏ်ရာရရှိခဲ့

နေပြည်တော် ဩဂုတ် ၃၁

တနင်္သာရီမြို့နယ် တုံထော်ကျေးရွာနေ မတ်လာရှာ(ခ)အောင်စိုးသည် ဩဂုတ် ၂၆ ရက်တွင် တနင်္သာရီမြို့နယ် သိန်းခွန်ရွာနှင့် သဲဖြူရွာကြား၌ ဟင်းသီးဟင်းရွက် ရှာဖွေစဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပြီး ယာ ခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့သဖြင့် တနင်္သာရီမြို့နယ် ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

ကရင်ပြည်နယ်

အလားတူ ကရင်ပြည်နယ် သံတောင်ကြီးမြို့နေ စောဘိုကံစိန်သည် ဩဂုတ် ၂၇ ရက်တွင် သံတောင်ကြီးမှ ငါးမိုင်ခန့်အကွာ လိပ်ပြာကလေးရွာနှင့် မောင်းနွဲ့လေးရွာ အကြား၌ မျှစ်ချိုးရန် သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ယာခြေဖနောင့် ကြေမွပေါက်ပြဲဒဏ်ရာ၊ ဝဲပေါင် စုတ်ပြဲဒဏ်ရာများ ရရှိခဲ့သဖြင့် ဘုရင့်နောင်တပ်မြို့ရှိ ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဂွအိုင်ကျေးရွာနေ ဦးသောင်းမြင့်သည် ဩဂုတ် ၂၈ရက်တွင် ရွာအရှေ့ဘက် ၁၀မိုင်ခန့်အကွာ သံတောင်ကြီးမြို့နယ် မုတ္တိမြောင်တောင်အနီး ဝါးခုတ်ရန် သွားရောက်စဉ် သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ယာခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိသဖြင့် တောင်ငူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

ထန်းတပင်မြို့နယ်

ထို့ပြင် ထန်းတပင်မြို့နယ် ဂွအိုင်ကျေးရွာနေ အောင်မြင့်သည် ဩဂုတ် ၂၈ ရက်တွင် သံတောင်ကြီးမြို့နယ် သပြေညွှန့်ကျေးရွာ မြောက်ဘက် ကိုးမိုင်ခန့်အကွာ၌ ဝါးခုတ်ရန်သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ယာဒူးအောက်ပြတ်၊ ဝဲပေါင် မိုင်းစ ထိမှန် ဒဏ်ရာရရှိသဖြင့် တောင်ငူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ရက်မှ ဩဂုတ် ၂၉ရက်အထိ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများနင်းမိသဖြင့် နိုင်ငံတစ်ဝန်း အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ကိုးဦး သေဆုံးပြီး အမျိုးသား ၄၆ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၅၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တောကျွဲအင်းဈေးလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းရန် ကျောက်များစုဆောင်းထားရှိမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ဩဂုတ် ၂၄ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသင်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ရွှေပေါက်ကံနေ
(ဗိုလ်ကြီးရဲဟိန်း-ငြိမ်း)-ဒေါ်ခင်ကြည်တို့၏ တစ်ဦးတည်းသောသား
ဗိုလ်မှူးသိန်းထွေး B.Sc (Zoology)
မိတ္ထီလာမြို့
နှင့်
နေပြည်တော်ပြည်သူ့ဆောက်လုပ်ရေးဝင်းနေ
ဦးမောင်မောင်သွင်(ခရိုင်အင်ဂျင်နီယာမှူး)-ဒေါ်စန်းစန်းဦး
တို့၏တတိယသမီး
မခိုင်မြတ်မွန် B.E(Mechanical)

တို့သည် ၂၉-၈-၂၀၁၀ရက်(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးသိန်းထွေး-မခိုင်မြတ်မွန်။

ဥတုရာသီ တောကိုမှီ၏

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံများတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အဝယ်ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် ကြော်ငြာအပ်ပါသည်။

တင်ဒါအမှတ် - ၀၃/လုပ်ငန်းသုံး(ပြည်တွင်း)၂၀၁၀-၂၀၁၁
တင်ဒါပေးသွင်းရက်၊ပိတ်ရက် - ၁-၉-၂၀၁၀ရက်၊၃-၉-၂၀၁၀ရက်

တင်ဒါအသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

နေပြည်တော် - အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်-၃၇၊
မြန်မာ့အထည်အလိပ် လုပ်ငန်း၊ ရောင်းဝယ်ရေးဌာန၊
ဖုန်း- ၀၆၇-၄၀၈၁၅၇၊ ၄၀၈၃၆၉။

ဖခင် အမည်မှန်
ရွှေဘိုမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(D)မှ မအေးချမ်းမေ(ခ)မအေးငြိမ်းဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးထွန်း ၅/ရဘန(နိုင်)၁၃၂၁၆၆ ဖြစ်ပါကြောင်း။ **ဦးအောင်မျိုးထွန်း။**

မဘိမ်းမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုကျင်းပ

မဘိမ်း ဩဂုတ် ၃၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မဘိမ်းမြို့နယ်တွင် အာဟာရ ရက်သတ္တပတ်အခမ်းအနားကို ဩဂုတ် ၁၂ရက် နံနက် ၉နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမာက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ကျင်းပခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာချိုပြုံးက အာဟာရနှင့် ကျန်းမာရေးအကြောင်းကို ဆွေးနွေးဟောပြောကြသည်။ ယင်းနောက် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ပါသောအားဆေး၊ အိုင်အိုဒင်းဆားနှင့်ကြက်ဥများထောက်ပံ့ပေးအပ်ခြင်း၊ **(အောက်ပုံ)** ငါးနှစ်အောက်ကလေးငယ်များအား ဘီတာမင်-အေဆေးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား ဘီတာမင်-ဘီ(ဝမ်း)ဆေးပြားများတိုက်ကျွေးခြင်းများ ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက် (အဖိတ်နေ့)
၁-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး- ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ တိုက်ဆိုက်ငြိမ်းချမ်း စိတ်ချမ်းမြေ့စရာ ဓမ္မစွမ်းရည်သာသနာ့ရိပ်သာ
၈:၀၅ ၆။ သံသာချိုအေး မင်္ဂလာတေး
၈:၁၅ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၂၅ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၈:၃၀ ၉။ အတီးပြိုင်ပွဲ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀ ၁။ Myanmar National League MNL Cup 2010 ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် **(နေပြည်တော် F.C နှင့် ဒယ်လ်တာယူနိုက်တက် F.C)**
၅:၀၀ ၂။ တေးဂီတအစီအစဉ်
၅:၁၀ ၃။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ပဉ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) အထက(၁)လသာ၊ (အမျိုးသားဝတ်ရွတ်အဖွဲ့)
၅:၃၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၃၅ ၅။ သီချင်းကြီးပဒေသာ
၅:၄၀ ၆။ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၅:၅၀ ၇။ International Science News
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၁၅ ၉။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၀။ မြန်မာ့ဓလေ့ ရိုးရာလက်ဇှေ့
၆:၃၅ ၁၁။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၁၀ ၁၂။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇:၄၀ ၁၃။ အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေခန်း
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ရွှေမြရုံခြယ် (စိုးစန္ဒာထွန်းနှင့်အဖွဲ့၊ တေးရေး- မောင်မောင်အေး (အလင်္ကာဝတ်ရည်)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၇၃)
၁၉။ ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲ **ကွက်စိပ်ပြိုင်ပွဲ တေမိယဇာတ်** (ဒုတိယဆု) (ဦးသော်တာ) (မန္တလေးတိုင်းဒေသကြီး)

ပဲခူးတိုင်းဒေသကြီး ပဲခူး၊ ဒိုက်ဦးနှင့် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွား

နေပြည်တော် ဩဂုတ် ၃၁

ပဲခူးတိုင်းဒေသကြီး ပဲခူး၊ ဒိုက်ဦးနှင့် မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်တို့၌ ဩဂုတ် ၂၉ရက်နှင့် ၃၀ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေဘေးသင့်သူများအား ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရှိရသည်။

ပြောင်းရွှေ့နေရာချ

ပဲခူးမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ် ၃၀ရက် ညနေ ၆နာရီခန့်တွင် ပဲခူးမြစ်ရေမြင့်တက်လာခဲ့သဖြင့် ပဲခူးမြို့ပေါ်ရှိ ရွာသစ်၊ ကျောက်ကြီးစု၊ မြို့သစ်၊ ကလျာဏီ၊ ဇိုင်းဂနိုင်း(တောင်)၊ ဇိုင်းဂနိုင်း(မြောက်)၊ မဇင်း၊ ကျွန်းသာယာ၊ ဥဿာမြို့သစ် ရပ်ကွက်များသို့ ရေဝင်ရောက်ခဲ့သဖြင့် ရေဘေးသင့်သူများအား ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း၊ လူနှင့် ကျွဲနွားတိရစ္ဆာန် သေဆုံးဒဏ်ရာရမှုမရှိကြောင်း၊ အဆောက်အအုံပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

ထို့အတူ ဒိုက်ဦးမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဩဂုတ် ၂၉ရက် ည ၈နာရီခွဲခန့်တွင် လက်ခုပ်ကွင်းကျေးရွာအနီး ကားလမ်းပေါ်သို့ ရေကျော်ခဲ့ပြီး ည ၁၀နာရီခန့်တွင် ရေပြန်လည်ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ပျက်စီးဆုံးရှုံးမှုမရှိ

ထို့အပြင် မင်းဘူး(စကု)မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ်၂၉ရက် ညနေ ၃နာရီ ၄၅မိနစ်ခန့်တွင် မန်းကျင်းရပ်ကွက်အတွင်းသို့ ရေဝင်ရောက်ခဲ့ကြောင်း၊ မုန်းချောင်းကို ဖြတ်ကူးသည့်လူတစ်ဦး ရေစီးနှင့် မျောပါပျောက်ဆုံးသဖြင့် လိုက်လံရှာဖွေဆဲဖြစ်ကြောင်း၊ ရေဘေးသင့်သူများအား ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း၊ ကျွဲနွားတိရစ္ဆာန် သေဆုံးမှုမရှိကြောင်းနှင့် အဆောက်အအုံပျက်စီး ဆုံးရှုံးမှု မရှိကြောင်း သိရသည်။

ရေဘေးသင့်သူများအား ဒေသအာဏာပိုင်များ၊ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ရေတိုက်စားခဲ့သည့်နေရာများကို အမြန်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ် မိုင်းယန်းမြို့နယ်နှင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပွား

နေပြည်တော် ဩဂုတ် ၃၁

ရှမ်းပြည်နယ် မိုင်းယန်းမြို့နယ်နှင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေရာအချို့တွင် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မိုင်းယန်းမြို့နယ်

ရှမ်းပြည်နယ် မိုင်းယန်းမြို့နယ်တွင် ဩဂုတ် ၂၅ရက် ည ၁၀နာရီမှ ၁၂နာရီအထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုင်းလွေရွာအနီး နမ့်ဟိုတွဲချောင်းရေလျှံကာ မိုင်းယန်း-မိုင်းခတ်သွား ကားလမ်းပေါ်သို့ သုံးပေအထိ ရေကျော်ခဲ့ပြီး မိုင်းယန်းမြို့ ကောင်းမွန်ရပ်ကွက်၊ ဝမ်ဝိန်းရပ်ကွက်နှင့် မိုင်းလွေရွာတို့မှ လူနေအိမ်လေးလုံး ပြိုကျပျက်စီးခဲ့ကြောင်း၊ ရေဘေးသင့်သူများအား ဒေသဆိုင်ရာအာဏာပိုင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ အနီးပတ်ဝန်းကျင်မှ ပြည်သူများက ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး လိုအပ်သည်များ ဝိုင်းဝန်းကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ လူနှင့်တိရစ္ဆာန်များ သေဆုံးမှုမရှိကြောင်းနှင့် ပွန်းပဲ့ဒဏ်ရာရရှိခဲ့သူ အချို့အား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘီးလင်းမြို့နယ်

ထို့အတူ မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဲဖြူချောင်းရေ တိုက်စားရာမှ ဩဂုတ် ၂၈ရက် ည ၁၀နာရီခန့်တွင် ကဖိုင်း-ညောင်ထောက်-သဲဖြူလမ်းပေါ် မိုင်တိုင်အမှတ် ၇၅ နှင့် ၇၆ ကြားရှိ သံပေါင်ဘေလီတံတားတစ်စင်း၏ တိုင်တစ်တိုင်နှင့် ရက်မတစ်ချောင်း မျောပါသွားခဲ့ပြီး ကြမ်းခင်းတစ်ပေခန့် နိမ့်ဆင်းသွားခဲ့ကြောင်း၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သွားလာမှုအဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် တံတားအား အမြန်ဆုံးပြန်လည် ပြုပြင်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လားရှိုးမြို့နယ်၌ လူကုန်ကူးသူလေးဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၃၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအထူးအဖွဲ့သည် ဩဂုတ် ၂၆ရက် နံနက်ပိုင်းက ရေပူစမ်းစစ်ဆေးရေးဂိတ်၌ ဆန်နီ အငှားမော်တော်ယာဉ်တစ်စီးနှင့် ဆိုင်ကယ်တစ်စီးတို့ကိုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နေ ဒေါ်မြင့်မြင့်စိန်၊ လားရှိုးမြို့နေ မအေးအေးခိုင်နှင့် အိုက်ဟိန်း၊ ရန်ကုန်မြို့ သာကေတမြို့နယ်နေ ကိုလတ်တို့လေးဦးက သာကေတမြို့နယ်နေ အမျိုးသမီးငယ်နှစ်ဦးအား တစ်ဖက်နိုင်ငံသားနှင့် လက်ထပ်ရန် စည်းရုံးခေါ်ဆောင်လာကြောင်း ဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့လေးဦးအား သိန်းနီရဲစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း၊ အမျိုးသမီးငယ်နှစ်ဦးအား နေရပ်သို့ပြန်လည် ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၃၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၁ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

ဖွံ့ဖြိုးဝေစည် ဇီးပင်ချောင်းမြေဆီသို့ ခရီးတစ်ခေါက်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း-သိန်းမင်းထက်

မော်လမြိုင်ကျွန်း ဩဂုတ် ၃၁

နံနက်ခင်းနေရောင်ခြည် ဝင်းလက်လက်အောက်တွင် တရိပ်ရိပ်ပြေးလွှားနေသော ဇာနည်မောင်သင်္ဘောသည် စော်ကဲချောင်း၊ ရာဇူဒိုင်၊ ကညင်ချောင်းနှင့် အပြင်ကပ်ခိုကျေးရွာများကို လက်ပြနှုတ်ဆက်ရင်း ဖွံ့ဖြိုးဝေစည် ဇီးပင်ချောင်းကျေးရွာဆီသို့ ရှေးရှုဦးတည် ခုတ်မောင်းနေသည်။

ကပြဖျော်ဖြေ

စာရေးသူတို့ သတင်းအဖွဲ့ ဇီးပင်ချောင်းကျေးရွာပေါ်သို့ လှမ်းတက်လိုက်သောအခါ ပြုံးပန်းဝေဆာ ပီတိဖြာနေသော ကျေးရွာသူ ကျေးရွာသားများက ချိုမြိန်သော အပြုံးကိုယ်စီဖြင့် ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်ကြသည်။ ဤနေ့အဖို့ ဇီးပင်ချောင်း ကျေးရွာသူကျေးရွာသားများအတွက် အပျော်ဆုံးနေ့ပင်ဖြစ်သည်။ ကျောင်းဆောင်သစ် မြင်ကွင်းကျယ်တစ်နေရာတွင် ကကြိုးညီညာ ဟန်ပါပါဖြင့် သွက်လက်မြူးကြွ အားမာန်ပြနေသော ကရင်ဒုံးယိမ်းအက၊ ပန်းဖွားအကတို့ဖြင့် ကပြဖျော်ဖြေနေသည်ကို တွေ့မြင်လိုက်ရသည်။ စည်းချက်ဝါးချက် ညီလှပါပေသည်။

လိုက်ပါခွင့်

သတင်းအဖွဲ့မှာ Plan နှင့် BAJ မှ လှူဒါန်းတည်ဆောက်ခဲ့သော မြို့နယ်အတွင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားများသို့ မကြာခဏ လိုက်ပါခဲ့ဖူးသည်။ ဝမ်းသာကြည်နူးဖွယ် မြင်ကွင်းများကို တွေ့မြင်ခဲ့ရသည်။ ယခုလည်း စာရေးသူတို့သတင်းအဖွဲ့မှာ မတ် ၂၆ ရက် နံနက် ၇နာရီက BAJ စီမံကိန်းမန်နေဂျာ ဦးအေးကိုဝင်းနှင့် အင်ဂျင်နီယာအဖွဲ့နှင့်အတူ ဇီးပင်ချောင်းသို့ လိုက်ပါခွင့် ရရှိခဲ့ပေသည်။

“ကျွန်တော်တို့ကျောင်းမှာ ကျောင်းစျေးသည်မရှိပါဘူး။ မိဘတွေက ကျန်းမာရေးနဲ့ညီညွတ်တဲ့ ထမင်းဘူး ထည့်ပေးပါတယ်။”

ဦးမောင်ကြည်
ကျောင်းအုပ်ကြီး
ဇီးပင်ချောင်း မူ/လွန်

“သမီးကတော့ ကျောင်းဆောင်သစ်မှာ ကျောင်းတက်ရမှာမို့ သိပ်ပျော်နေပါပြီ။ စာကိုလည်း ကြိုးစားသင်ယူပါမယ်။”

မခင်မြတ်နိုး
ပဥ္စမတန်းကျောင်းသူ
ဇီးပင်ချောင်း မူ/လွန်

သစ်ပင်ပန်းမန်အလှ

ဇီးပင်ချောင်းသို့ လွန်ခဲ့သောသုံးနှစ်ကျော်က စာရေးသူ တစ်ခေါက်ရောက်ရှိခဲ့ဖူးသည်။ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပစဉ်က ဖြစ်သည်။ ယခုတော့ ဇီးပင်ချောင်း ကျေးရွာက ယခင်ကနှင့်မတူ တစ်မူထူးခြား ဒေသဖွံ့ဖြိုးတိုးတက် စည်ပင်နေသည်။ ကျေးရွာလမ်းမကြီးက ဖြောင့်တန်းညီညာလှသည်။ နေအိမ်တိုင်း ခြံစည်းရိုးများ ကာရံထားကြသည်။ အိမ်ကြီးအိမ်ကောင်းများလည်းရှိသည်။ သစ်ပင်ပန်းမန်အလှအပများဖြင့် နေချင့်စဖွယ်ကောင်းလှသည်။

ခုံညားထည်ဝါ

ဇီးပင်ချောင်း ဆိပ်ကမ်းတံတားမှ စတင်တွေ့မြင်ရသော အဆောက်အအုံမှာ Plan နှင့် BAJ မှ ဆောက်လုပ်လှူဒါန်းပြီးစီးသွားသော မူလတန်းလွန်ကျောင်းဆောင်သစ်ပင်ဖြစ်သည်။အဆောင်ဖွဲ့စည်းပုံနှင့် တည်ဆောက်ထားပုံ ဒီဇိုင်းလှပပြီး ခုံညားထည်ဝါလှသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပပြီးစီးခဲ့သော ကျေးရွာများအနက် ဇီးပင်ချောင်းကျေးရွာ မူလတန်းလွန်ကျောင်းဆောင်သစ်က အကြီးဆုံးနှင့် အလှပဆုံး ဖြစ်သည်။ ကျောင်းဆောင်သစ်ရှေ့တွင်

“နိုင်ငံတော်က အားထားရတဲ့ လူကောင်းလူတော်တွေ ပေါ်ထွန်းဖို့ ကျွန်တော်တို့ အမြဲတမ်းကြိုးပမ်းဆောင်ရွက်နေပါတယ်။”

ဦးအေးငြိမ်း
ဥက္ကဋ္ဌ၊ကျောင်းအကျိုးဆောင်အဖွဲ့
ဇီးပင်ချောင်း မူ/လွန်

အိုးစည် ဒိုးပတ်အဖွဲ့များ၊ တိုးနယားအဖွဲ့များနှင့်တွဲဖက်ပြီး လိုက်ဖက်ညီညာ ကခုန်ပျော်မြူးနေသော ကျေးရွာသားများ၏ ဒိုးပတ်ဝိုင်းကလည်း စည်စည်ကားကား။ မြိုင်မြိုင်ဆိုင်ဆိုင်။

လှူဒါန်းတည်ဆောက်

စာရေးသူတို့ သတင်းအဖွဲ့မှာ ဖွင့်ပွဲအခမ်းအနား မစတင်မီ အချိန်ရခိုက် BAJ စီမံကိန်းမန်နေဂျာဦးအေးကိုဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ “ကျွန်တော်တို့အနေနဲ့ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားတဲ့ ကျောင်းနဲ့ ကျောင်းသုံးအခြေခံပစ္စည်းများ ပြန်လည်ရရှိခြင်းအားဖြင့် ကျောင်းသားကျောင်းသူများ အမြန်ဆုံး ပြန်လည် စာသင်ကြားနိုင်ဖို့ ရည်ရွယ်ပါတယ်။ Plan နှင့် BAJ မှ လှူဒါန်းတည်ဆောက်ပေးထားတဲ့ ကျောင်းဆောင်သစ်များကိုလည်း အဆက်မပြတ် ဖွင့်လှစ်ပေးနေပါတယ်။ ဖွင့်လှစ်ပြီးတဲ့ ကျောင်းအဆောက်အအုံများဟာ စာသင်ကြားခြင်းလုပ်ငန်းအပြင် အရေးပေါ်ခိုလှုံရာနေရာအဖြစ်လည်း အသုံးပြုနိုင်ပါတယ်။ ယခု ဇွန်လဆန်းအထိ အသစ်တည်ဆောက်ပြီးစီးမယ့် ကျောင်းက ၂၂ ကျောင်း၊ အကြီးစားပြင်ဆင်ပြီးစီးမယ့် ကျောင်းက ငါးကျောင်းနဲ့ အသေးစားပြင်ဆင်ပြီးစီးမယ့်ကျောင်းက ငါးကျောင်းဆိုတော့ စုစုပေါင်း ၃၂ ကျောင်းရှိမှာ ဖြစ်ပါတယ်”ဟု အားပါးတရ ရှင်းလင်းပြောပြသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် မင်္ဂလာအချိန်တွင် ဖွင့်ပွဲကျင်းပရာ ကျောင်းဆောင်သစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ မြို့နယ်ပညာရေးမှူး ဦးတင်မင်း၊ BAJ စီမံကိန်းမန်နေဂျာဦးအေးကိုဝင်းနှင့် ကျောင်းအုပ်ကြီး ဦးမောင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အားတက်ရွှင်လန်း

ဤသို့လျှင် ဇီးပင်ချောင်းကျေးရွာသားတို့မှာ အနှစ်နှစ်အလလက မျှော်မှန်းတောင့်တခဲ့သော မူလတန်းလွန်ကျောင်းဆောင်သစ်ကြီး ငွားငွားစွင့်စွင့် ပေါ်ထွက်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။ အားတက်ရွှင်လန်းနေကြသည်။

လေ့ကျင့်ပျိုးထောင်

ဖွင့်ပွဲအပြီးတွင် ကျောင်းအုပ်ဆရာကြီး ဦးမောင်ကြည်နှင့် တွေ့ဆုံမေးမြန်းခွင့် ရရှိခဲ့သည်။ “ကျွန်တော်တို့ ဇီးပင်ချောင်းက ညီညွတ်မှုစွမ်းအားနဲ့ အချိန်တိုကာလအတွင်း ကျောင်းဆောက်လုပ်ပြီးစီးနိုင်အောင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြပါတယ်။ အခုဆိုရင် ကျောင်းသား ကျောင်းသူ ၃၆၀ ကျောင်းဆောင်သစ်နဲ့ စာသင်ကြားရတော့မှာမို့ ဘယ်လိုဝမ်းသာမှန်းတောင် ပြောမပြတတ်တော့ပါဘူး။ ကျွန်တော်တို့ကျောင်းမှာ ကျောင်းစျေးသည် မရှိပါဘူး။ မိဘတွေက ကျန်းမာရေးနဲ့ညီညွတ်တဲ့ ထမင်းဘူးထည့်ပေးကြပါတယ်။ ဒါ့အပြင် ကျောင်းဝင်းတစ်ခုလုံး သန့်ရှင်းသပ်ရပ်ပြီး အမှိုက်ကင်းစင်တဲ့ကျောင်းအဖြစ် သတ်မှတ်ထားပါတယ်။ ကျောင်းမြင်ကွင်းကလည်း သတင်းအဖွဲ့ မြင်တွေ့ရတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ကျောင်းကို စည်းကမ်းကောင်းတဲ့ကျောင်း၊ အမှိုက်ကင်းစင်တဲ့ကျောင်းနဲ့ ပညာရည်ထူးချွန်တဲ့ ကျောင်းအဖြစ် သတ်မှတ်ပြီး လေ့ကျင့်ပျိုးထောင်ပေးလျက် ရှိနေပါတယ်”ဟု အားပါးတရ ရှင်းလင်းပြောပြသည်။

ကြည်လင်ဝင်းပ

အချိန်မှာ နံနက် ၉ နာရီရှိပြီဖြစ်သည်။ နံနက်ပိုင်း မော်လမြိုင်ကျွန်းမြို့မှ စတင်ထွက်ခွာစဉ်က ပဲ့ထောင်ရေယာဉ်ပေါ်တွင် ရရှိခံစားခဲ့ရသော အအေးဓာတ်မျိုး မခံစားရတော့ချေ။ ဇီးပင်ချောင်း တစ်ခွင်တစ်ပြင်မိုးကောင်းကင်တစ်ခုလုံး ကြည်လင်ဝင်းပလျက် နေပူရှိန်မှာ တဖြည်းဖြည်း အပူဒီဂရီတက်လာပြီဖြစ်သည်။

မော်လမြိုင်ကျွန်းမြို့နယ် ကပ်ခိုကျေးရွာအုပ်စု ဇီးပင်ချောင်းကျေးရွာ မူလတန်းလွန်ကျောင်းဆောင်သစ်ကို ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။

သတင်းအဖွဲ့မှာ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ဆက်လက်ကျင်းပမည့် ဇီးပင်ချောင်းကျေးရွာ မူလတန်းလွန်ကျောင်းဆောင်သစ်ကြီးပေါ်တက်ရောက်၍ သတင်းမှတ်တမ်းရယူရန် နေရာယူထားလိုက်သည်။ မကြာပါ။ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲတွင် Plan နှင့် BAJ မှ လှူဒါန်းတည်ဆောက်ပြီးစီးသွားသော (ပေ ၁၀၀ × ပေ ၃၀ × ၁၂ပေ)ရှိသော ငါးခန်းတွဲ မူလတန်းလွန် ကျောင်းဆောင်သစ်၊ ရေလောင်းအိမ်သာ၊ ရေတုံကင်၊ ကျောင်းသုံးပရိဘောဂများနှင့် အားကစားပစ္စည်းများ ဆောင်ရွက်မှုမှတ်တမ်းစာရွက်နှင့် ဆောက်လုပ်ရေးမှတ်တမ်း CD အား BAJ အကြီးတန်းအင်ဂျင်နီယာ ဦးဌေးအောင်က ကျောင်းအုပ်ကြီး ဦးမောင်ကြည်ထံ လွှဲပြောင်းပေးအပ်လိုက်သောအခါ တက်ရောက်လာကြသော ပရိသတ်၏ လက်ခုပ်သံက တဖြောင်းဖြောင်းပင်။

အားမာန်ဝင့်ထည်

ကျောင်းဆောင်သစ်ခန်းမကြီးတစ်ခုလုံးတွင်လည်း ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများ၊ ပညာရေးအလှပန်း ကျောင်းသားကျောင်းသူကလေးများဖြင့် ပြည့်ကျပ်စည်ကားနေသည်။ တစ်ဦးနှင့် တစ်ဦး အပြုံးဖြင့် နှုတ်ဆက်ကြလျက် စိုပြည်လန်းဆန်းတက်ကြွနေကြသည်၊ အားမာန်ဝင့်ထည်နေကြသည်။အခမ်းအနားအပြီးတွင် ဖျော်ဖြေမှုအစီအစဉ်ကို စတင်သည်။ ရှမ်းရိုးမက အိုးစည်သံ၊ ပြည်ထောင်စုတေးသရုပ်ဖော်၊ လူပြက်ကလေးမောင်ရွှေရိုး၊ ဖိုးသူတော်ယိမ်းနှင့် သျှောင်ပေစူးအကများဖြင့် သရုပ်ဆောင်ကပြ တင်ဆက်ဖျော်ဖြေခဲ့ကြရာ သရုပ်ဖော် ကကွက်များ ပိုင်နိုင်လှသဖြင့် ကြည့်ရှု အားပေးသူများမှာ တေးဂီတသံစဉ် နောက်သို့ စီးမျောလိုက်ပါသွားကြသည်။ ပရိသတ်များ၏ အားပေးလက်ခုပ်သံမှာ ကျောင်းခန်းမ တစ်ခုလုံး ပြည့်လျှံလျက်။

အစဉ်အလာကောင်း

ဆက်လက်ပြီး သတင်းအဖွဲ့မှာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအေးငြိမ်းအား သိလိုသည်များကို တွေ့ဆုံမေးမြန်းခဲ့ရာ “ကျွန်တော်တို့ ဇီးပင်ချောင်းကျေးရွာမှာ တစ်ခါဖူးမျှ မျှော်မှန်းမထားဖူးတဲ့ ဒီလို ကျောင်းဆောင်သစ်မျိုးရတော့ သိပ်ပျော်မိတာ အမှန်ပါပဲ။ **မိဘ၊ ဆရာ ပူးပေါင်း ကလေးပညာကောင်း** ဆိုတဲ့ ဆောင်ပုဒ်အတိုင်း နိုင်ငံတော်က အားထားရတဲ့ လူကောင်းလူတော်တွေပေါ်ထွန်းဖို့ ကျွန်တော်တို့ အမြဲတမ်း ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဇီးပင်ချောင်းက မြို့နယ်အဆင့် ပညာရည်ထူးချွန်ဆုနဲ့ အားကစားထူးချွန်ဆု နှစ်စဉ်ရနေလို့ အစဉ်အလာကောင်းတဲ့ ကျောင်းလို့ပြောရင် ရပါတယ်။ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းပေးတဲ့ Plan နဲ့ BAJ အဖွဲ့ကိုလည်း ကျေးဇူးတင်ရှိပါတယ်”ဟု ရှင်းလင်းပြောပြသွားသည်။

ထို့နောက် စာရေးသူတို့ သတင်းအဖွဲ့မှာ ပဥ္စမတန်းကျောင်းသူ မခင်မြတ်နိုးနှင့် တွေ့ဆုံမေးမြန်းခွင့်ရရှိခဲ့သည်။ “သမီးကတော့ ကျောင်းဆောင်သစ်မှာ ကျောင်းတက်ရတော့မှာမို့ သိပ်ပျော်နေပါပြီ။ စာကိုလည်း ကြိုးစားသင်ယူပါမယ်။ ကျောင်းအားကစားကွင်းရှိလို့ အားလပ်ချိန်မှာ အားကစားပစ္စည်းတွေနဲ့ ကစားနိုင်ပါပြီ။ သမီးတို့ဘဝ အနာဂတ်မြင့်မားတိုးတက်ဖို့ ဆောင်ရွက်ပေးတဲ့ Plan နဲ့ BAJ အဖွဲ့ကိုလည်း ကျေးဇူးတင်ပါတယ်” ဟု အားပါးတရ ပြောပြသွားသည်။

ကွင်းဆင်းလေ့လာ

မွန်းလွဲ၂နာရီတွင် ဇာနည်မောင်သင်္ဘောသည် သတင်းအဖွဲ့ကို သယ်ဆောင်၍ ဇီးပင်ချောင်းကျေးရွာကို လက်ပြနှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာခဲ့သည်။ မူလတန်းလွန်ကျောင်းသား ကျောင်းသူကလေးများက ဆိပ်ကမ်းတံတားအထိ ပို့ဆောင်ပြီး လက်ပြနှုတ်ဆက်ကြသည်။ ဇီးပင်ချောင်းသည် အဝေး၌ ကျန်ရစ်ခဲ့သော်လည်း စာရေးသူ၏ မျက်စိမြင်ကွင်းပုံရိပ်ထဲတွင် ဇီးပင်ချောင်းသည် လှုပ်ရှားပြေးလွှားနေဆဲ ဖြစ်သည်။ သို့ဖြစ်ပေရာ ဖွံ့ဖြိုးဝေစည် ဇီးပင်ချောင်း မြေဆီမှ ဖူးသစ်ပွင့်လန်း ပညာရေးအလှပန်းကလေးများဆီသို့ အရောက်သွားပြီး သတင်းခရီးသည်အဖြစ် ကွင်းဆင်းလေ့လာ ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မော်လမြိုင်ကျွန်းမြို့နယ် ဇီးပင်ချောင်းကျေးရွာတွင် ခံ့ညားလှပသော မူလတန်းလွန်ကျောင်းဆောင်သစ်ကို ဤသို့ တွေ့မြင်ခဲ့ရသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်သည် ဩဂုတ် ၂၄ရက် နံနက်ပိုင်းက ကွမ်းလုံမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသားအိပ်ဆောင်၊ ဝန်ထမ်းအိမ်ရာနှင့် စားရိပ်သာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် ဖွံ့ဖြိုးမှုကြီးကြပ်ရေးအဖွဲ့ခွဲရုံး (ချင်းရွှေဟော်)သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်ရေးမှာကြားကာ မွန်းလွဲပိုင်းတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် လုံထန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူ ၁၄၄ဦး၊ ပါစင်ကျော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူ ၄၄ဦးနှင့် ဆီအောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူ ၂၁၄ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၀၂ဦးတို့အတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံနှင့် ဘောပင်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းခန်းမ၊ သင်တန်းသားအိပ်ဆောင်နှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့နယ် သတင်း ထွေတလာ

မိခင်နို့စနစ်တကျတိုက်ကျွေးရေး အသိပညာပေးဟောပြောပွဲ မန်တုံ၌ကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် ကျန်းမာရေး ဦးစီးဌာနက ကြီးမှူး၍ မိခင်နို့စနစ်တကျတိုက်ကျွေးရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၂၄ရက် နံနက် ၁၀နာရီက မန်တုံမြို့ ခန်းမဆောင်၌ ကျင်းပသည်။

ဖြန့်ဝေ

အခမ်းအနားတွင် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ဒေါက်တာအောင်မြင့်ဦးက ရင်သွေးငယ်များအား မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်း၏ ကောင်းကျိုးများကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာလှိုင်က နို့တိုက်မိခင်နှင့် ကလေးကျန်းမာရေး စောင့်ရှောက်မှုကိုလည်းကောင်း အကျယ်တဝင့် အသိပညာပေးဆွေးနွေးဟောပြောကြကာ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ကျန်းမာရေးအသိပညာပေး စာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေပိုက်ဆက်သွယ်

လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် နမ့်ကျန်ဆည်ရေလှောင်တမံမှ ရေကန်တောင်ရေပေးဝေရေးကန်များသို့ ရေပိုက်ဆက်သွယ်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၅ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြေခင်းအလှပြုပြင်

တောင်ကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ဝင်စုပေါင်းစစ်ဆေးရေးဂိတ်ရှေ့ရှိ မြေခင်းအလှပြုပြင် ဆောင်ရွက်ထားရှိမှုကို ဩဂုတ် ၅ရက်တွင် အမှုဆောင်အရာရှိ ဦးလှဖော်ဇံကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန်းစန်းအေး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



စဉ်ဆက်မပြတ် သူနာပြုပညာပေးဟောပြောပွဲ မန္တလေးမြို့၌ ကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

သူနာပြုသားဖွားအသင်း(မန္တလေး)က ကြီးမှူး၍ စဉ်ဆက်မပြတ်သူနာပြုပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၂၃ရက် နံနက်ပိုင်းက မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်းနှင့် သူနာပြုနှင့် သားဖွားအသင်း(မန္တလေး) ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု)ဒေါ်ခင်သိန်းတို့က အမှာစကားပြောကြားကြပြီး မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆရာဝန်ကြီးများနှင့် သူနာပြုအုပ် ဒေါ်အေးကြိုင်တို့ ဦးစီးသော မန္တလေးမြို့ပေါ်ရှိ ဆေးရုံကြီးများနှင့်ကျန်းမာရေးဌာနများမှ သူနာပြုဆရာမ အင်အား ၁၇၀ ကျော် တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလယ်တန်းကျောင်းခွဲသာစည်၌တိုးမြှင့်

သာစည် ဩဂုတ် ၂၆

သာစည်မြို့နယ် ကြက်မောက်ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းကို အလယ်တန်းကျောင်းခွဲအဖြစ် အသိအမှတ်ပြု တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇွန် ၉ရက် နံနက် ၈နာရီက အဆိုပါ ကြက်မောက်ကျေးရွာ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးက အလယ်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား သည်။

ဖွင့်လှစ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးပေါက်ကျော်က ကြက်မောက် ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (ဝ၉၄)

အာဟာရရက်သတ္တပတ်လှုပ်ရှားမှု စဉ့်ကိုင်မြို့နယ်၌ ကျင်းပ

စဉ့်ကိုင် ဩဂုတ် ၂၇

စဉ့်ကိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၁၀ခုနှစ် အာဟာရရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၁၄ရက် နံနက် ၉နာရီက စဉ့်ကိုင်မြို့နယ် ရန်အောင်မြေရပ်ကွက်ရုံး၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ခင်ချိုပြုံးက အာဟာရအုပ်စုသုံးမျိုးအကြောင်း ရှင်းလင်းပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ကြည်ကြည်မာက မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောသည်။ **(အောက်ပုံ)**

ဆက်လက်၍ တန်ဖိုးနည်း အာဟာရချက်ပြုတ်ပြိုင်ပွဲ ကျင်းပရာ ပြိုင်ပွဲဝင်အဖွဲ့ပေါင်း ၁၁ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆုရ ပလိပ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ချိုပြုံးက ဆုချီးမြှင့်ပြီး ဒုတိယဆုရ ရန်နိုင်ရပ်ကွက်နှင့် တတိယဆုရဘယ်လင်းကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကြည်ကြည်မာကဆုချီးမြှင့်သည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြား၊ ဗီတာမင်ဘီဝမ်းဆေးပြားနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး တက်ရောက်လာသူများအား အိုင်အိုဒင်းဆားများ ပေးဝေခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ပြည်မြို့၌ မြေယာရှုခင်းအလှ ဆောင်ရွက်

ပြည် ဩဂုတ် ၂၈

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ကုန်-ပြည်ကားလမ်းဘေးရှိ မြေယာရှုခင်း အလှပြုပြင်နေမှုကို အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာ ဩဂုတ် ၁၆ ရက် နံနက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးမြတ်စိုးက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

တက္ကသိုလ်၊ ကောလိပ် ပဏာမရေကူးလက်ရွေးစင် ရွေးချယ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃၁

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)၊(အောက်မြန်မာပြည်)နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ပညာရေးကောလိပ်များ ပဏာမ ရေကူးလက်ရွေးစင်ရွေးချယ်ပွဲကို ဩဂုတ်၂၈ရက် နံနက်၈နာရီခွဲက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပသည်။ ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုးတွင် အားကစားသမား ကျား ၁၅ဦး၊ မ ၁၃ဦး စုစုပေါင်း ၂၈ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ပဏာမ ရေကူးလက်ရွေးစင်ရွေးချယ်ပွဲသို့ တက္ကသိုလ်များ ရေကူး ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာကံဇော်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲနှင့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေစီးကောင်းရေး ရေမြောင်းဆယ်ယူ

ကျိုက်မရောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ရေစီးရေလာကောင်းရေးအတွက် ဩဂုတ် ၁၃ရက်က အဖွဲ့ဝန်ထမ်းများ ရေမြောင်းဆယ်ယူဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးနေစိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

1-9 (16).pmd 1 9/1/2010, 3:17 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဒေသဖွံ့ဖြိုးအလှတိုးစေသော ပျော်ဘွယ်မြို့နယ်မှ အေးသာယာရေလှောင်ဆည်

ပျော်ဘွယ် ဩဂုတ် ၃၁

စိမ်းလန်းစိုပြည်နေသော ပျော်ဘွယ်မြို့နယ်။ ပျော်ဘွယ်မြို့နယ်အတွင်းရှိ လက်ဆည်ကန်နှင့် အေးသာယာရေလှောင်ဆည်များသို့ လေ့လာရေးတစ်ခေါက် ရောက်ခဲ့သည်။

ပြုပြင်ပေး

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ရရှိရေးတို့အတွက် ဒေသခံပြည်သူများ တူးဖော်တည်ဆောက်ထားသည့် ဆည်ငယ်၊ ကန်ငယ်များကို ပြန်လည်ပြုပြင်ပေးရန် ဆည်မြောင်းဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ရမည်းသင်းခရိုင်အတွင်း ကွင်းဆင်းစစ်ဆေးခဲ့ရာ ပြန်လည်ပြုပြင်ရမည့် ဆည်ငယ်၊ ကန်ငယ် ၆၂ခုကို တွေ့ရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ဆည်ငယ်၊ ကန်ငယ် ၆၂ခုအနက် ၂၀၀၉-၂၀၁၀ခုနှစ်အတွင်း ဆည်ငယ်၊ ကန်ငယ် ကိုးခုကို အချိန်တိုကာလအတွင်း ပထမအဆင့်အနေဖြင့် ပြန်လည်ပြုပြင်ပေးပြီးဖြစ်သည်။

ယခုအခါ ရမည်းသင်းမြို့နယ်အတွင်း ကန်လေးကန်၊ ပျော်ဘွယ်မြို့နယ်အတွင်း ဆည်ငယ် သုံးခုနှင့် ကန်နှစ်ကန် စုစုပေါင်း ဆည်ငယ်၊ ကန်ငယ် ကိုးခုကို ပြန်လည်ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✻

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)မှ ပြုပြင်တည်ဆောက်ပေးထားသော ပျော်ဘွယ်မြို့နယ်ရှိ အေးသာယာရေလှောင်ဆည်။

ပဲခူးမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၃၁

ပဲခူးမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြို့တွင် ၉၂၄စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၁၀စင်တီမီတာအထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၃၁-၈-၂၀၁၀

ဘီးလင်းမြို့	၄ ဒသမ ၂၉ လက်မ	ညောင်လေးပင်မြို့	၂ ဒသမ ၂၄ လက်မ
သံတွဲမြို့	၃ ဒသမ ဝ၃ လက်မ	ဖောင်းတူမြို့	၂ ဒသမ ဝ၄ လက်မ
မာန်အောင်မြို့	၂ ဒသမ ၂၄ လက်မ	ရေးမြို့	၂ ဒသမ ဝ၁ လက်မ
သထုံမြို့	၂ ဒသမ ၃၂ လက်မ	လောင်းလုံမြို့	၂ ဒသမ ဝ၁ လက်မ
သံတောင်ကြီးမြို့	၂ ဒသမ ၂၈ လက်မ	မိတ္ထီလာမြို့	ဝ ဒသမ ၆၇ လက်မ